ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်၊ တနင်္လာနေ့၊ (19-7-2004) (၄၂၉၉)

ဓမ္မစရိယာ စ ဧတံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ညနေ ၄ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ **စာမျက်နှာ ၂ ကော်လံ ၃ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉-၇-၂၀၀၄
(တနင်္လာနေ့)

မြန်မာအမျိုးသမီးများ စွမ်းဆောင်ရည် ထက်မြက်မြင့်မား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတကာအလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်စေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့သော အချိန်အခါတွင် တစ်မျိုးသားလုံးက စည်းလုံးညီညွတ်သည့် စွမ်းပကားဖြင့် တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက အမျိုးသားအကျိုးစီးပွား ဖော်ဆောင်ရေးတွင် အမြဲထာဝရ တက်ကြွစွာ ပါဝင်စွမ်းဆောင်ခဲ့ကြသည့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေးစွမ်းအားစုတစ်ရပ် ဖြစ်ပေါ်လာရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်ဦးရွက်ပြုနိုင်ရန် ၁၉၉၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီများကို ဖွဲ့စည်းပေးခဲ့သည်။ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အမျိုးသားရေးအနှစ်သာရပြည့်ဝစွာ စည်းရုံးလှုပ်ရှားဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာအမျိုးသမီးများ၏ ထက်မြက်သည့် စွမ်းဆောင်ရည်နှင့် ကောင်းမြတ်သည့် အစဉ်အလာများ ပြန်လည်ရှင်သန် ဖွံ့ဖြိုးနေချိန်တွင် အမျိုးသမီးများကိုယ်တိုင် ဦးဆောင်ပြီး တာဝန်ခွဲဝေဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တိုးချဲ့ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် အဆင့်အတန်းမရွေး၊ အလွှာမရွေး၊ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးကို လိုလားသူ အမျိုးသမီးတိုင်း၊ အမျိုးချစ်သူ အမျိုးသမီးတိုင်း ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မှသည် ရပ်ကွက်ကျေးရွာအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဖွဲ့စည်း ဆောင်ရွက်နိုင်သည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်နှင့်အညီ အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိခံစားနိုင်ရေး၊ မြန်မာအမျိုးသမီးအခွင့်အရေးများ ခေတ်ကာလနှင့်အညီ ဆက်လက်ဖြစ်ထွန်းရေးတို့အတွက် ကြိုးပမ်းလျက်ရှိသည်။

၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင်လ ၃ ရက်နေ့က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း တက်ရောက်၍ ထူးချွန်ဆုများ ချီးမြှင့်ခဲ့သည်။

၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် **မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့်စွမ်းရည်ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ အလံတော်အောက်တွင် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာစုစည်းစည်းရုံးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ထိုက်တန်စွာ ပါဝင်ကြိုးပမ်းစွမ်းဆောင်သွားကြရန်** မှာကြားခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးအခွင့်အရေးများ ဆက်လက်တိုးတက်ဖြစ်ထွန်းစေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ကဏ္ဍများတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတကာတွင် အထူးအာရုံ စူးစိုက်ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများ အကြမ်းဖက်ခံရမှု၊ လူကုန်ကူးခံရမှုပြဿနာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်ပွား ကျန်းမာရေး အသိပညာပေးရေးလုပ်ငန်းကဏ္ဍများကိုပါ အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာအမျိုးသမီးများအားလုံးက မိမိတို့ရရှိထားသည့် အောင်မြင်ဖြစ်ထွန်းမှုများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ရင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ထက်မြက်သောစွမ်းရည်ဖြင့် ပါဝင်ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Dato Haji Hussin bin Haji Sulaiman နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ခေတ္တနာယက ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Dato Haji Hussin bin Haji Sulaiman နှင့် ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှသံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yu Boren နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့နှင့်အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီး ဒေါ်ခင်လေးမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်စံယုံ၊သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Dato Haji Hussin bin Haji Sulaiman နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက် ကြစဉ်။ (သတင်းစဉ်)

အီရတ် ခုခံရေးသမားများ၏ တိုက်ခိုက်မှု ပိုမိုလာနိုင်ဟု အလာဝီ ပြောကြား

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက် ဇူလိုင် ၁၇

လာမည့် သီတင်းပတ်များတွင် အီရတ်ခုခံတိုက်ခိုက်ရေး သမားများသည် ပို၍ ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်လာမည်ဟု မျှော်လင့်ကြောင်း အီရတ်ကြားဖြတ် အစိုးရဝန်ကြီးချုပ် အလာဝီက ကြာသပတေးနေ့တွင် ပြောကြားလိုက်ပြီး ခုခံတိုက်ခိုက်မှုကို နှိမ်နင်းရန် ရည်ရွယ်လျက် ထောက်လှမ်းရေးဌာနကို ဖွဲ့စည်းထူထောင်လိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

လူ ၁၀ ဦးသေဆုံးပြီး ၄၀ ဦး ဒဏ်ရာရရှိခဲ့သည့် ကြာသပတေးနေ့က ကားဗုံးပေါက်ကွဲမှုအပါအဝင် တိုက်ခိုက်မှုများ ထပ်မံပေါ်ပေါက်လာချိန်တွင် အလာဝီက အေပီသတင်းဌာနသို့ ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

သန္နိဋ္ဌာန်ချထား

အီရတ်အစိုးရသစ် ပျက်ပြားစေရန် ရည်ရွယ်သော အီရတ်ခုခံတိုက်ခိုက်ရေး သမားများသည် အရပ်သားများနှင့် တပ်ဖွဲ့ဝင်များကို သတ်ဖြတ်ရုံသာ သန္နိဋ္ဌာန်ချထားသည်မဟုတ်ဘဲ အီရတ်နိုင်ငံ၏ အခြေခံစီးပွားရေးအဆောက်အအုံကို ဖျက်ဆီးရန် သန္နိဋ္ဌာန်ချထားကြောင်း ၎င်းက ပြောကြားသည်။

ကျေနပ်မနေ

အီရတ် ခုခံရေးတိုက်ခိုက်သမားများသည် ပစ်မှတ်ထား တိုက်ခိုက်ရုံ၊ လူ့အသက်များကို ဆုံးရှုံးစေရုံဖြင့် ကျေနပ်မနေဘဲ အီရတ်နိုင်ငံ ပျက်စီးစေရေးကိုလည်း ရည်ရွယ်ထားကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောကြားသည်။

ပြဋ္ဌာန်း

အီရတ်အစိုးရသစ်သည် ခုခံတိုက်ခိုက်ရေးသမားများအား နှိမ်နင်းရေးကို ပို၍ပို၍ ဆွေးနွေးနေကြပြီး တိုက်ခိုက်မှုများ နှိမ်နင်းရေးအတွက် ဝန်ကြီးချုပ် အာလာဝီအား လုပ်ပိုင်ခွင့်များ ကျယ်ကျယ်ပြန့်ပြန့် ပေးထားသည့် အရေးပေါ် ဥပဒေများကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေများအရ အီရတ်ရဲတပ်ဖွဲ့သည် ဘဂ္ဂဒက်မြို့တော်နှင့် အခြားမြို့များတွင် အကြမ်းဖက် တိုက်ခိုက်သူများဟု မသင်္ကာသူများကို ဖမ်းဆီးခဲ့သည်။

ဆက်တိုက်ပြုလုပ်

ယင်းကဲ့သို့ ဖမ်းဆီးမှုများကြောင့် မကြာသေးမီရက်များက တိုက်ခိုက်မှုများကို ဆက်တိုက်ပြုလုပ်ခဲ့ကြကြောင်း အလာဝီက ပြောကြားသည်။

အင်တာနက်။

ဇူလိုင် ၁၆ ရက်က ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆော်ဒီအာရေဗျကုမ္ပဏီ အီရတ်မှ ထွက်ခွာရန် ၄၈ နာရီသာ အချိန်ရှိကြောင်း ပြန်ပေးဆွဲသူတို့ သတိပေး

ဒူဘိုင်း ဇူလိုင် ၁၇

ဆော်ဒီကုမ္ပဏီ အလုပ်ရှင်များအနေဖြင့် အီရတ်မှထွက်ခွာသွားရန် ၎င်းတို့၏ တောင်းဆိုချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ၄၈ နာရီသာ ကျန်ရှိတော့ကြောင်းဖြင့် ထိုကုမ္ပဏီ၏အလုပ်သမား အီဂျစ်ယာဉ်မောင်း ဂါရာဘာဝီအား ဖမ်းဆီးထားသည့် အီရတ်ပြန်ပေးဆွဲသူများက ကြာသပတေးနေ့တွင် ပြောကြားသည်ဟု အယ်ဂျာဇီရာ ရုပ်မြင်သံကြားက ကြေညာသည်။

ဆော်ဒီအာရေဗျကုမ္ပဏီအနေဖြင့် အီရတ်မှ ဆုတ်ခွာမသွားလျှင် အီဂျစ်ယာဉ်မောင်း ဂါရာဘာဝီအား ၇၂ နာရီအတွင်း သတ်ပစ်မည်ဟု အင်္ဂါနေ့က ခြိမ်းခြောက်သည်။ ပြန်ပေးဆွဲသူများ၏ တောင်းဆိုချက်ကို လိုက်နာမည်ဟု ဆော်ဒီအာရေဗျက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဂါရာဘာဝီ လွတ်မြောက်ရေးအတွက် ဒေါ်လာ ၁၅၀၀၀ ပေးရန် ဖိုင်ဆယ်အယ်နေဟိတ် သယ်ယူပို့ဆောင်ရေးကုမ္ပဏီက ပြန်ပေးသမားများထံ ကမ်းလှမ်းထားသည်။ သို့သော် ပြန်ပေးသမားများ၏ ပထမတောင်းဆိုငွေ ဒေါ်လာ တစ်သန်းကိုမူ ပေးနိုင်စွမ်းမရှိဟု ကုမ္ပဏီက ပြောဆိုသည်။ ***အင်တာနက်။***

ဘုရှ်သို့ စီအိုင်အေ တင်ပြသည့် အစီရင်ခံစာ အထက်လွှတ်တော်သို့ တင်ပြရန် အိမ်ဖြူ ငြင်းဆန်

ဝါရှင်တန် ဇူလိုင် ၁၇

အမေရိကန်သမ္မတ ဖတ်ရှုရန်အတွက် အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)သည် အီရတ်ဆိုင်ရာ အစီရင်ခံစာအကျဉ်းကို အီရတ်စစ်ပွဲမဖြစ်မီက တင်ပြခဲ့သည်။ အဆိုပါ တစ်မျက်နှာစာရှိသော အစီရင်ခံစာကို အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီသို့ တင်ပြရန် အိမ်ဖြူနှင့် စီအိုင်အေတို့က ငြင်းဆန်ခဲ့ကြောင်း နယူးယောက်တိုင်းမ် သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြခဲ့သည်။

အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီတွင် ပါဝင်သော ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်များက အိမ်ဖြူက ပေးရန် ငြင်းဆန်သော အစီရင်ခံစာကို ကြည့်ရှုရပါက အီရတ်၏လက်နက်များနှင့် ပတ်သက်သော စီအိုင်အေ၏ အမြင်ကို ရှင်းရှင်းလင်းလင်း သိနိုင်မည်ဟု ဆိုကြသည်။ သို့ရာတွင် ထိုထောက်လှမ်းရေးကော်မတီတွင် ပါဝင်သော ရီပတ်ဗလီကန်ကိုယ်စားလှယ်များကမူ ငြင်းဆိုထားသော အစီရင်ခံစာကို ကြည့်ရလျှင်လည်း အကြောင်းမထူးနိုင်ဟု ယူဆကြကြောင်း သိရသည်။

ငြင်းဆိုသည်ဆိုသော အစီရင်ခံစာကို အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ် ဖတ်ရှုရန် ၂၀၀၂ ခုနှစ် အောက်တိုဘာလအတွင်းက တင်ပြခဲ့ခြင်းဖြစ်သည်။ မူရင်းအစီရင်ခံစာမှာ စာမျက်နှာ ၉၀ ရှိပြီး အီရတ်၏ တရားမဝင်လက်နက်များနှင့် သက်ဆိုင်သော ထောက်လှမ်းရေးအဖွဲ့၏ ခန့်မှန်းချက်များကို ဖော်ပြထားသည်။

သမ္မတထံ တင်ပြသော ထိုအစီရင်ခံစာတွင် အီရတ်၏ ဖျက်အားပြင်းလက်နက်များနှင့် ပတ်သက်၍ ထောက်လှမ်းရေး၏အမြင်ကို ရှင်းလင်းစွာ ဖော်ပြထားမည်ဖြစ်သည်ဟု အထက်လွှတ်တော် ထောက်လှမ်းရေးအဖွဲ့၏ နောက်ဆက်တွဲအစီရင်ခံစာတွင် ဖော်ပြထားသည်ဟု အထက်လွှတ်တော် ကိုယ်စားလှယ် ရစ်ချက်ဂျေဒါဘင်က ပြောကြားသည်။ ၎င်းသည် အီလီနွိုက်ပြည်နယ် ဒီမိုကရက်တစ် ကိုယ်စားလှယ်ဖြစ်သည်။ ***အင်တာနက်။***

အီရတ် နိုင်ငံခြားရေးဝန်ကြီး၏ ကား ခုခံတိုက်ခိုက်ရေးသမားများ ပစ်ခတ်၍ တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၇

အီရတ်နိုင်ငံမှ လက်နက်ကိုင်သေနတ်သမားများသည် အီရတ်နိုင်ငံခြားရေးဝန်ကြီး ပိုင်ဆိုင်သည့် ကားတစ်စီးကို ကြာသပတေးနေ့က ပစ်ခတ်တိုက်ခိုက်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး သေဆုံးပြီး အခြားလူနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားချိန်တွင် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇီဘာရီမှာ ကားအတွင်း၌ မရှိပေ။

ကားနှစ်စီးပါသည့် ယာဉ်တန်းကို တိုက်ခိုက်မှုမှာ အီရတ်နိုင်ငံ ကယ်ကွတ်မြို့ တောင်ဘက် ၆၅ မိုင်ခန့် အကွာတွင် ည ၇ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကားအတွင်း၌ အီရတ်နိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်ငါးဦး လိုက်ပါလာကြောင်း ကယ်ကွတ်မြို့ရှိ အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့မှ အန်ဝါမိုဟာမက် အာမက်က ပြောကြားသည်။

အိုပယ်ဆီဒင်အမျိုးအစား ကားတစ်စီးသည် အရှိန်ပြင်းပြင်း မောင်းနှင်လာပြီး ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ရာ တာဝန်ရှိပုဂ္ဂိုလ်ငါးဦးအနက် တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာမက်က ပြောကြားသည်။

ကာ့ဒ်မျိုးနွယ်စုဝင် တစ်ဦးဖြစ်သည့် ဇီဘာရီသည် အီရတ်လက်နက်ကိုင် တပ်ဖွဲ့များအတွက် ကတိပြုထားသည့် အကူအညီကို အလျင်အမြန် ပေးရန် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)ကို မေတ္တာရပ်ခံရန် ယခု သီတင်းပတ်စောစောပိုင်းက ဘယ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့သို့ ရောက်ရှိနေသည်။

အီရတ်နိုင်ငံသည် လာမည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲ မတိုင်မီ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် အချိန်လု၍ လုံးပန်းနေရကြောင်း ဇီဘာရီက သတိပေးပြောကြားခဲ့သည်။ ***အင်တာနက်။***

စစ်ဆေး

ဇူလိုင် ၁၇ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ယာဉ်တစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်–အာဆီယံ ပူးပေါင်းဆောင်ရွက်မှု နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုအတွက် အရေးပါ

ပေကျင်း ဇူလိုင် ၁၇

တရုတ်ပြည်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့ လွတ်လပ်သည့် ကုန်သွယ်ရေးဒေသ ထူထောင်မှုသည် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေး၊ မြှင့်တင်ရေး၊ ဖွံ့ဖြိုးမှုတိုးမြှင့်ရေးနှင့် နှစ်ဦးနှစ်ဝ အကျိုးဖြစ်ထွန်းစေရေးအတွက် အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်ကြောင်း တရုတ်အထက်တန်းခေါင်းဆောင် တစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

တရုတ်–အာဆီယံ လွတ်လပ်သည့် ကုန်သွယ်ရေးဒေသ(အက်ဖ်တီအေ) ထူထောင်ရေးအစီအစဉ်သည် တရုတ်နှင့်အာဆီယံအစိုးရများက ရေရှည်ကာလအတွက်မဟာဗျူဟာအဖြစ်ဖြင့် ရေးဆွဲကာ ဆုံးဖြတ်ချက်အဖြစ် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ညီလာခံဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ကျာကင်လင်းက ပြောကြားသည်။

အက်ဖ်တီအေထူထောင်မှုက ကမ္ဘာတစ်ဝန်း ဒေသအနှံ့အပြားနှင့် အာဆီယံဒေသတွင်း နေထိုင်သော ပင်လယ်ရပ်ခြားတရုတ်များအတွက် ကြီးမားသည့် အခွင့်အလမ်းများအဖြစ် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ကျာကင်လင်းက တတိယအကြိမ်မြောက် ပင်လယ်ရပ်ခြားတရုတ်များ ဖိုရမ်အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်များအား ပြောကြားသည်။

အာဆီယံဒေသရှိ နိုင်ငံများတွင် နေထိုင်သည့် ပြည်ပရောက် တရုတ်နိုင်ငံသား သန်း၂၀က စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးသော အပြန်အလှန်ဖလှယ်မှုအတွက် အရေးပါသည့် ပေါင်းကူးတံတားဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်ပရောက် တရုတ်နိုင်ငံသားများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်ဆံရေးများအား ရှေ့တန်းတင်လုပ်ဆောင်ရန် တရုတ်ပြည်အကျိုးနှင့် နေထိုင်ရာဒေသ၏ အကျိုးသယ်ပိုးဆောင်ရွက်ရန် အိမ်နီးချင်းပီသသည့် ချစ်ကြည်ရေးတိုးမြှင့်စေရာတွင် အပြုသဘောဆောင်သော ကဏ္ဍမှ ပါဝင်ရေးနှင့် တရုတ်ပြည်နှင့် အာဆီယံဒေသအဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံရေးအရ ယုံကြည်မှုရှိရေးအတွက် ဖော်ဆောင်ကြပါရန် ကျာကင်လင်းက တိုက်တွန်းပြောကြားလိုက်သည်။

တရုတ်နှင့် အာဆီယံသည် ၂၀၀၂ခုနှစ် စောစောပိုင်းကာလအတွင်း အက်ဖ်တီအေ သဘောတူညီချက်နှင့်စပ်လျဉ်း၍ စတင်ဆွေးနွေးခဲ့ကြပြီး အခွန်အကောက်များ တစ်ဆင့်စီ ဖယ်ရှားရန် ရည်ရွယ်ကာ မူဘောင်သဘောတူညီချက်ကို နိုဝင်ဘာလအတွင်းက လက်မှတ်ရေးထိုးခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီး ဒေါ်ခင်လေးမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဇူလိုင် ၁၁ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့်ထွက်ခွာကြရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ခေတ္တရပ်နားကြသည်။

ကြိုဆို

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှူရုံခိုင်၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှောက်ချိဝေ၊ ပြည်နယ်အဆင့်ဌာနအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ စစ်သံမှူး ဗိုလ်မှူးကြီးစိန်ဂျော၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးသိန်းဇော်နှင့် ဇနီး၊ ဝန်ထမ်းများ၊ မိသားစုများက ကြိုဆိုကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှူရုံခိုင်နှင့် တာဝန်ရှိသူများ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ ခေတ္တရပ်နားကြပြီး ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှူရုံခိုင်နှင့် တာဝန်ရှိသူတို့အား ရင်းရင်းနှီးနှီးတွေ့ဆုံကာ နှုတ်ဆက်စကားပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဝမ်ရီနှင့် တာဝန်ရှိသူများ ကြိုဆိုကြစဉ်။

(သတင်းစဉ်)

ရောက်ရှိ

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှဆက်လက်ထွက်ခွာလာကြရာ ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၃နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆို

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ရီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျင်ကျွမ်းနှင့်ဇနီးတို့ ခေါင်းဆောင်သော ကြိုဆိုရေးအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ ခေတ္တတည်းခိုမည့် ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ ကြိုဆိုကြစဉ်။ (အောက်ပုံနှင့် အောက်ယာပုံ) (သတင်းစဉ်)

P65 4 19/7/04, 12:55 AM

ပုပ္ပားတောင်ကလပ်ပုံတူမျှော်စင် တည်ဆောက်မှု ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း ပုပ္ပားတောင်ကလပ်ပုံတူမျှော်စင်တည်ဆောက်မှု ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈နာရီ ၁၀မိနစ်တွင် အဆိုပါ မျှော်စင်တည်ရှိရာ ကန်တော်ကြီးဥယျာဉ် Central Forest Zone(ဆင်ကုန်း)၌ ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ တက်ရောက်၍ ရတနာအုတ်မြစ်များကို စီပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်နှင့်ကော်မတီဝင်များ၊ ဌာနမှူးများ၊ စစ်ဒေသမှူးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သီရိသုဓမ္မ မဏိဇောတဓရ တိကြားဦးသန်းလှက ဆောင်ရွက်၍ မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရတနာ ငွေကြုတ်ကို အုတ်မြစ်၏ အလယ်ဗဟို၌ မြှုပ်နှံပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီး၌ ရတနာအုတ်မြစ်များကို စီပေးကြသည်။

အမွှေးနံ့သာရည်များပက်ဖျန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရတနာငွေကြုတ်ကို ကမ္ဗည်းမော်ကွန်းကြေးပြားဖြင့် ဖုံးအုပ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တာဝန်ယူဆောက်လုပ်

ယနေ့ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပသည့် ပုပ္ပားတောင်ကလပ်ပုံတူမျှော်စင်သည် ကန်တော်ကြီးဥယျာဉ် Central Forest Zone ကန်တော်ကြီးရေပြင် အထက်အမြင့်ပေ ၁၃၀ရှိ ဆင်ကုန်း၌တည်ရှိပြီး မျှော်စင်၏ အောက်ခြေအကျယ် အချင်းပေ ၁၂၀၊ ထိပ်ဝအကျယ် အချင်း ပေ၈၀၊ မျှော်စင်အမြင့် ၉၉ပေ ရှိမည်ဖြစ်သည်။ အထပ်ငါးထပ်ပါရှိမည်ဖြစ်ပြီး လူစီးဓာတ်လှေကား နှစ်စင်းနှင့် ကြောင်လိမ်လှေကားတို့ပါရှိကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန အဆောက်အအုံက တာဝန်ယူ ဆောက်လုပ်မည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးတို့ ပုပ္ပားမျှော်စင် တည်ဆောက်ရန် အုတ်မြစ်စီမင်္ဂလာအပြီး အမွှေးနံ့သာများ ပက်ဖျန်းစဉ်။ (၁၉)

ကြိုဆို

ဇူလိုင် ၁၁ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများ ကြိုဆိုကြစဉ်။ (သတင်း-၄) (သတင်းစဉ်)

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် MIKKO COFFEE MIX တို့က ကြီးမှူး၍ ၂၀၀၄ခုနှစ် အမျိုးသား တံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသား အငယ်တန်းပြိုင်ပွဲတွင် L.S.K အသင်းက စက်မှု(၁) (ခ) အသင်းကို ၅၇မှတ်၊ ၃၉မှတ်ဖြင့် နိုင်သည်။

အမျိုးသား အကြီးတန်းပြိုင်ပွဲတွင် တပ်မတော်(ရေ)အသင်းက အောင်လံအသင်းကို ၇၄မှတ်၊ ၄၂မှတ်ဖြင့်နိုင်သည်။

အမျိုးသမီး ပတ်လည်ပြိုင်ပွဲတွင် လယ်ယာ/ဆည်မြောင်း အသင်းက စက်မှု(၁) (ခ)အသင်းကို ၁၀၀မှတ်၊ ၃၆မှတ်ဖြင့်နိုင်ပြီး ပြည်ထဲရေးအသင်းက ရန်ကုန်တိုင်းအသင်းကို ၇၆မှတ်၊ ၃၁မှတ်ဖြင့် နိုင်သည်။

ယနေ့ပြိုင်ပွဲများ

(အမျိုးသားအငယ်တန်း)
စက်မှု(၁)(က)နှင့် ILBC
L.S.K နှင့် FUTURE
(အမျိုးသမီးပတ်လည်ပြိုင်ပွဲ)
ရန်ကုန်တိုင်းနှင့် စက်မှု(၁)(က)
(အမျိုးသားအကြီးတန်း)
အောင်လံအသင်းနှင့် လယ်ယာ/ဆည်မြောင်း
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ရှဲဒိုး (ကြေးမုံ)

ရန်ကုန်မိုးရေချိန်

(၁၈-၇-၂၀၀၄)

ရန်ကုန်မြို့လယ်	-	၀ ဒသမ	၆၇	လက်မ
ကမ္ဘာအေး	-	၀ ဒသမ	၁၂	လက်မ
မင်္ဂလာဒုံ	-	၀ ဒသမ	၀၈	လက်မ

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၈-၇-၂၀၀၄)

ဘားအံ	-	၂ ဒသမ	၆၀	လက်မ
ကျောက်တော်	-	၁ ဒသမ	၈၉	လက်မ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၁၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀ ၇။ ဇော်ဂျီရေထိန်းဆည်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
- ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
၅:၁၅ ၆။ အကပဒေသာ
၅:၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆို၊ အကများ
၅:၅၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၆:၀၅ ၁၀။ Discovery.
၆:၁၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂူခုန်း" (အပိုင်း-၇)**
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၇:၁၅ ၁၅။ တေးဂီတအစီအစဉ်
၇:၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း-၅)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်**
-The Impact Of Agricultural Technology
ဒုတိယနှစ်-ပထဝီဝင်အထူးပြု
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်" (အပိုင်း-၈)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ **အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ "ကုသိုလ်ကောင်းမှု ပေါင်းစုပြုရာပစ္စည်း လေးပါးဒကာ"**
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမုန်တရားဘက်က လှုပ်ရှားစားသမား" (အပိုင်း-၂၁)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းများတိုးချဲ့ဖောက်လုပ်ပေး

မြင့်စိုး(နတလ)

နိုင်ငံတော်ဖြတ်သန်းလာခဲ့ရသည့် သမိုင်းကြောင်းကို ပိုင်းဆစ်ကြည့်လျှင် ခေတ်အဆက်ဆက်တာဝန်ယူခဲ့သော အစိုးရများအနေဖြင့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုများ ချုပ်ငြိမ်းသွားစေရန်၊ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေးရယူရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြသော်လည်း ထိုက်သင့်သည့် အောင်မြင်မှုမျိုးမရရှိခဲ့ကြပေ။ လက်ရှိတပ်မတော်အစိုးရလက်ထက်တွင်မူ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း(၁၇)ဖွဲ့ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသဖြင့် ရပ်ရွာအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ ဖြစ်ထွန်းအောင် တည်ဆောက်ရင်း ငြိမ်းချမ်းရေးကို ခိုင်မာသည်ထက်ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၏။ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခဲ့၏။ ထိုသို့ဆောင်ရွက်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့အတွက် မည်သို့မျှ အကျိုးဖြစ်ထွန်းဖွယ် အခြေအနေမရှိသည့် နယ်စပ်ဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံ လိုအပ်ချက်များကို လျစ်လျူရှုကာ ချန်ထားရစ်ခဲ့၏။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်အစိုးရ အဆက်ဆက်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားများအရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပေ။ သို့ဖြစ်ပေရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့သည့် အချိန်ကာလ၊ အတိုင်းအတာပမာဏသည် လွန်စွာကြီးမားလာခဲ့သည်။ တပ်မတော်အစိုးရသည် မြန်မာနိုင်ငံသမိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းကို ပထမဆုံးရရှိခဲ့သည့် နိုင်ငံတော်အစိုးရဖြစ်သည်။ ထိုအခွင့်အလမ်းကို ထိရောက်စွာအသုံးချ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ် မျက်ခြည်မပြတ် တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပြီး အခြားဝန်ကြီးဌာနများကပါ ပေါင်းစပ်ဆောင်ရွက်စေရေး ဗဟိုကော်မတီက လမ်းညွှန်မှုများချမှတ်ပေးခဲ့၏။

တိကျခိုင်မာသောမျှော်မှန်းချက်များထားရှိ၍ နယ်စပ်ဒေသများ၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ စက်မှုနှင့်လျှပ်စစ်စသည့် အခြေခံအဆောက်အအုံများနှင့် ယှဉ်တွဲပြီး လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ရည်ရွယ်ချက်(၅)ရပ်နှင့်အညီ ဆောင်ရွက်ခဲ့သည်။

ဤသို့အားဖြင့် နယ်စပ်ဒေသအသီးသီးတွင် လမ်း/တံတားလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စွမ်းအင်လုပ်ငန်းများ၊ သစ်တောလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်းများ၊ သာသနာရေးနှင့် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

ထိုလုပ်ငန်းများအနက် လမ်း/တံတားလုပ်ငန်းများနှင့်ပတ်သက်၍ အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ကြရန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၅ ခုနှစ် ဧပြီလ ၂၁ ရက်နေ့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် အောက်ပါအတိုင်း လမ်းညွှန်မိန့်ကြားခဲ့သည်-

> **"နယ်စပ်ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများကို မိုးတွင်းကာလ၌ ဆောင်ရွက်နိုင်သည့် အတိုင်းအတာအရ ဆောင်ရွက်ပြီး၊ မိုးကုန်သည်နှင့် အစီအမံများအတိုင်း ဖိဖိစီးစီး လုပ်ကိုင်ကြဖို့လိုကြောင်း၊ အဓိကကျသည့်နေရာများမှာ ရာသီမရွေး သွားလာနိုင်သည့်လမ်းများဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိဖြင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်နိုင်ရေးအတွက်ဖြစ်စေ အဓိကအကျဆုံးမှာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးပင် ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုအားနည်းပါက တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ နားလည်မှုကိုတည်ဆောက်ရာတွင် အားပြည့်အင်ပြည့်ဖြစ်လာမှာ မဟုတ်သလို၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင်လည်း ထိရောက်မှုရှိမည် မဟုတ်သဖြင့် လိုအပ်သည့်ဒေသများတွင် ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးသွားရန်"**

ဟူ၍ ဖြစ်ပါသည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်း၏ အစောဆုံး လမ်း/တံတားများ

နိုင်ငံတော်အစိုးရသည် ၁၉၈၉ခုနှစ် ဇွန်လစတုတ္ထပတ်မှစတင်၍ ကိုးကန့်ဒေသ၊ 'ဝ'ဒေသနှင့် ကျိုင်းတုံဒေသများတွင် လမ်း/တံတားလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ လမ်းအူကြောင်းရှာဖွေ၍ လမ်းသစ်များဖောက်လုပ်ခြင်း၊ ရှိပြီးလမ်းများကို လမ်းအဆင့်မြှင့်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ တံတားများတည်ဆောက်ပေးခြင်း စသည်တို့ ပါဝင်သည်။ ယင်းသို့ဆောင်ရွက်ရာ၌ ၁၉၈၉ ခုနှစ်အတွင်း အစောဆုံး အကောင်အထည်

ကျိုင်းတုံအရှေ့ဒေသမှ မိုင်းယန်း-ဆီလူးလမ်းမြင်ကွင်း။
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ယခုအခါ နယ်စပ်ဒေသများတွင် မြေလမ်း ၂၉၄၁မိုင်၊ ကျောက်ခင်းလမ်း ၁၇၄၄မိုင်၊ ကတ္တရာလမ်း ၃၂၅မိုင် ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်၍ နယ်စပ်ဒေသရှိ တိုင်းရင်းသား ပြည်သူငါးသန်းကျော် လွယ်ကူစွာ ကူးလူးဆက်သွယ် သွားလာနေကြပြီဖြစ်သည်။

ဖော်ခဲ့သော လမ်းများမှာ ကိုးကန့်ဒေသအတွင်း၌ ချင်းရွှေဟော်-လောက်ကိုင်လမ်း ၂၁/၂ မိုင်၊ လောက်ကိုင်-ကုန်းကြမ်းလမ်း ၄၂/၀ မိုင်၊ လောက်ကိုင်-ရန်လုံကြိုင်းလမ်း ၇/၆ မိုင်နှင့် ဟိုပန်-ချင်းရွှေဟော်လမ်း ၁၄/၇ မိုင်၊ 'ဝ'ဒေသအတွင်း၌ ဟိုပန်-မိုင်းမောလမ်း ၆၁/၀ မိုင်၊ ဟိုပန်-နမ့်တစ်လမ်း ၉/၂ မိုင်၊ ကျိုင်းတုံအရှေ့ဒေသအတွင်း၌ မိုင်းယန်း-ဆီလူးလမ်း ၈/၆ မိုင်၊ မိုင်းငေါင်း-မိုင်းဝလမ်း ၄၂/၀ မိုင်၊ မိုင်းယောင်း-မိုင်းယုလမ်း ၁၈/၀ မိုင်၊ မိုင်းခတ်(ကြက်ဥတောင်)-မိုင်းပေါက်လမ်း ၂၆/၀ မိုင်၊ ဝမ်တာပင်း-ပန်ဟိုမုန်းလမ်း ၁၈/၆ မိုင်၊ ပန်ဟိုမုန်း-မိုင်းယန်းလမ်း ၁၆/၀ မိုင်၊ မိုင်းယု-ဝမ်ဖြတ်လမ်း ၇/၀ မိုင်၊ ဝမ်ဖြတ်-မိုင်းဟဲလမ်း ၂၆/၀ မိုင်၊ ဝမ်ဖြတ်-နယ်စပ်ကျောက်တိုင်အမှတ်(၂၄၀)လမ်း ၁၀/၀ မိုင်တို့ဖြစ်ကြောင်း မှတ်တမ်းပြုရပေမည်။

အလားတူ တံတားကြီးများ၊ တံတားငယ်များ၊ ကြိုးတံတားများတည်ဆောက်ခဲ့ရာတွင် ၁၉၈၉ခုနှစ်အတွင်း ပထမဦးဆုံးတည်ဆောက်ပေးခဲ့သော တံတားမှာ ကွမ်းလုံ-ဟိုပန်ကားလမ်းပေါ်ရှိ နမ့်တိန်ချောင်းကူး တံတားဖြစ်သည်။ တံတားပေအရှည် ၁၄၃၃ပေဖြစ်ပြီး သုံးလွှာတစ်ထပ် ဘေလီသံပေါင်အမျိုးအစားဖြစ်၏။ ၁၉၈၉ခုနှစ် အောက်တိုဘာလ ၁၅ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် မတ်လ ၁၈ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ယခင်က ဆောက်လုပ်ထားခဲ့သော နမ့်တိန်ချောင်းကူး သစ်သားတံတားမှာ ရာသီဥတုဒဏ်ကြောင့် ရေထဲမျောပါပျက်စီးသွားခဲ့ပါသည်။ ယခုအခါတွင်မူ ကိုးကန့်ဒေသနှင့် 'ဝ'ဒေသများသို့ ကူးလူးသွားလာရေး၊ ကုန်စည်စီးဆင်းရေးပိုမိုချောမွေ့ကောင်းမွန်စေရန် ဒေသ၏လိုအပ်ချက်အရ နိုင်ငံတော်က တည်ဆောက်ပေးထားသော နမ့်တိန်တံတားသစ်နှင့် ကိုးကန့်'ဝ'တိုင်းရင်းသားများ၏ ထည့်ဝင်ငွေနှင့် နိုင်ငံတော်မှ ထည့်ဝင်ငွေတို့ ပေါင်းစည်း၍ ညီနောင်တံတားသစ်ကို ထပ်မံတည်ဆောက်ပြီး ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလ ၁၂ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့၏။ တစ်ဆက်တည်းပင် ကတ္တရာခင်း၍ လမ်းအဆင့်မြှင့်ထားပြီးဖြစ်သော သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်-လောက်ကိုင် လမ်းမကြီးကိုပါ ဖွင့်လှစ်ပေးခဲ့သည်။

ဒေသအလိုက်ဆောင်ရွက်ပေးခဲ့သော လမ်း/တံတားလုပ်ငန်းများ

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးအတွက် ၁၉၈၉ခုနှစ် ဇွန်လမှ ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်နေ့အထိ ၁၅နှစ်တာကာလအတွင်း ကျပ်ငွေ သန်းပေါင်း ၅၇၀၀၀ကျော် သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လမ်း/တံတားကဏ္ဍ၌ ၅၄ရာခိုင်နှုန်း သုံးစွဲခဲ့သည်။ ဆောင်ရွက်ခဲ့သော လမ်း/တံတားလုပ်ငန်းများမှာ မြေလမ်း ၂၉၄၁/၂မိုင်၊ ကျောက်ခင်းလမ်း ၁၇၄၄/၅မိုင်၊ ကတ္တရာလမ်း ၃၂၅/၆မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၃၁၆၂/၆မိုင်၊ တံတားကြီး ၄၇စင်း၊ တံတားငယ် ၆၆၂စင်း၊ ကြိုးတံတား ၁၆စင်း တို့ဖြစ်သည်။

တံတားများ တည်ဆောက်ပေးခြင်း၊ လမ်းသစ်များဖောက်လုပ်ခြင်း၊ လမ်းအဆင့်မြှင့်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ၌ ဒေသအလိုက်ပါဝင်သည့် လမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကချင်အထူးဒေသ(၁)

မံမိန်း-ချီဖွေလမ်း၊ ချီဖွေ-ဆော့လော်လမ်း။

ကချင်အထူးဒေသ(၂)

နောင်မွန်း-ပန်နန်းဒင်လမ်း၊ မြစ်ကြီးနား-ပူတာအို-ဆွန်ပရာဘွမ်လမ်း၊ မချမ်းဘော-ဖရူခ-နောင်မွန်းလမ်း၊ ဟိုပင်-ကုန်းသာ-လုံးတုံ-ညောင်ပင်လမ်း၊ မိုးကောင်း-ကာမိုင်း-လုံးခင်း-ဖားကန့်လမ်း၊ မြစ်ကြီးနား-တနိုင်း-နန်းယွန်း-ပန်ဆောင်လမ်း၊ ခေါင်လန်ဖူး-မချမ်းဘောလမ်း၊ တနိုင်း-မိုင်းခွန်-နန့်ဖြူးလမ်း၊ တနိုင်း-ဆင်ဆ-ကောင်းဂျာလမ်း၊ ဗန်းမော်-စင်းခန်း-ရွှေကူလမ်း၊ ဗန်းမော်-လွယ်ဂျယ်လမ်း၊ တရုံ-ဒိုက်ဖားလမ်း၊ ဂွေထော်-အရဲဇွတ်-ဂွမ်ဆာယန်လမ်း၊ နမ့်ဆန်ယန်-ပန်းတောင်းလမ်း၊ ပူတာအို-ဖုန်ကန်ရာဇီလမ်း၊ နားလုံ-လိုင်ဇာယန်လမ်း။

ကိုးကန့်ဒေသ

ချင်းရွှေဟော်-လောက်ကိုင်လမ်း၊ လောက်ကိုင်-ရန်လုံကျိုင်းလမ်း၊ တာရွှေထန်-တာပါးလမ်း၊ ဟိုပန်-ချင်းရွှေဟော်လမ်း၊ ဟိုလီ-ကာမိုင်း-သိန်းတန်လမ်း၊ ဝေါခြို-မုံးပေါ်လေးလမ်း၊ ကုန်းကြမ်း-မုံးဟောင်လမ်း၊ နမ့်တောင်း-မုံးပေါ်လမ်း၊မုံးကိုး-မန်ကန်-မုံးယား-မုံးဟောင်-မုံးစီးလမ်း၊ မုံးပေါ်-မန်ကန်-မုံးကိုးလမ်း၊ ကြူကုတ်-မုံးကိုးလမ်း၊ မုံးကိုး-ဖောင်းဆိုင်လမ်း၊ ဟိုလီ-နမ့်ကျွမ်း-ဝေါခြိုလမ်း၊ လောက်ကိုင်-ကုန်းကြမ်းလမ်း၊ တာမိုးညဲ-မုံးစီး-တာပါးလမ်း၊ တာရွှေထန်-ကြာစီရှူးလမ်း။

'ဝ'ဒေသ

ဟိုပန်-မိုင်းမော်လမ်း၊ ဟိုပန်-နမ့်တစ်လမ်း၊ မိုင်းမော-မန်တွန်းလမ်း၊ မိုင်းမော-နားဖန်-နောင်ခစ်လမ်း၊ ပန်ဆန်-မိုင်းပေါက်လမ်း၊ ပန်ဆန်း-ပန်ယန်းလမ်း၊ မိုင်းမော-ပန်ဝိုင်-ပန်ဆန်းလမ်း၊ တာကော်အက်-ဝိန်းကောင်-ပန်ဆန်းလမ်း၊ မန်မိန်းဟုန်-ပန်ခွန်လမ်း၊ ညီနောင်တံတားမှ နမ့်တစ်ထိလမ်း။

ရှမ်းဒေသ

ဘော်ကြို-အူမူးလမ်း၊ မန်ပုံ-မိုင်းကောင်လမ်း၊ ဆောင်ကြဲ-မိုင်းခေးလမ်း၊ နမ့်ပေါင်-နမ့်မ-နောင်လိုင်လမ်း၊ နားမွန်း-ဆောင်ကြဲ-စိန်ကြော့-မိုင်းရယ်လမ်း၊ သီပေါ-ကွန်ဟောက်လမ်း၊ နမ့်လန်-ဟိုခိုလမ်း၊ နောင်လိုင်-နမ့်မူဆယ်-ပါဖန်-တာဆိုင်းလျှံလမ်း၊ ရေပူ-နောင်လိုင်-ပုံဝိုးလမ်း၊ မိုင်းရယ်-မုံးဟလမ်း၊ ကျိုင်းလင်း-ကျေးသီးလမ်း၊ မိုင်းခေး-မန်မွန်းလမ်း၊ ပုန်းတွန်-ဟန်နားလမ်း၊ ကာလီ-ဟိုပန်-နန့်လမ်း၊ လွယ်ယင်း-တိုင်းကောင်းလမ်း၊ မိုင်းကိုင်-ကဗွီး-မိုင်းယွန်းလမ်း၊ ဟိုပန်-ဝမ်မိုင်-မိုင်းရှူးလမ်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့**

➪ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ပလောင်ဒေသ

နမ္မတူ–ဘော်တွင်း–မန်တုံလမ်း၊ နမ္မတူ–နမ့်ဟိုင်း–မုံးဝီးလမ်း၊ နမ့်ဆန်–မန်တုံလမ်း၊ မန်တုံ–မိုးမိတ်လမ်း၊ မန်ကန်–လုံတောက်လမ်း၊ မန်တုံ–မုံးဝီးလမ်း၊ လွယ်ဆိုင်–တောင်မလမ်း၊ နမ့်ခမ်း–ပန်ဆေးလမ်း။

ကချင်အရှေ့မြောက်ဒေသ

ကွတ်ခိုင်–ကောင်းခါးလမ်း၊ တာမိုးညဲ–ရှောက်ဟော်–တက္ကနိုင်းလမ်း။

ကျိုင်းတုံအရှေ့ဒေသ

မိုင်းငေါင်း–မိုင်းဝလမ်း၊ မိုင်းယောင်း–မိုင်းယုလမ်း၊ ကြက်ဥတောင်–မိုင်းပေါက်လမ်း၊ မိုင်းယန်း–ဆီလူးလမ်း၊ မိုင်းယု–မိုင်းဟဲ–ဝမ်ဖြတ်–နယ်စပ်ကျောက်တိုင်အမှတ်(၂၄၀)လမ်း၊ ကျိုင်းတုံ–မိုင်းလားလမ်း၊ မိုင်းယန်း–မိုင်းဖျဉ်–ဟိုတောင်းလမ်း၊ ဝမ်ယန်–ဝမ်နောင်လမ်း၊ မိုင်းပေါက်–ပန်ဆန်းလမ်း၊ မိုင်းယောင်း–ဝမ်ဖိုင်–ကျိုင်းကုန်းလမ်း၊ မိုင်းကိုင်–မိုင်းတင်း–လန်းဆတ်လမ်း၊ ကျိုင်းတုံ–မိုင်ခွန်လမ်း၊ မိုင်းယောင်း–ပါလျှိုးလမ်း၊ မိုင်းယောင်း–မိုင်းကိုင်–လွယ်မွေလမ်း၊ မိုင်းခတ်–ဝါးခုတ်လမ်း၊ နောင်ချို–မိုးညှင်းလမ်း၊ မိုင်းပုကြီး–လွယ်ခါးလမ်း၊ မိုင်းခတ်–မိုင်နူးလမ်း၊ မိုင်းလား–ဝမ်ကျင်း–ဆန်တောက်လမ်း၊ ဆီလူး–မိုင်းလားလမ်း၊ တာချီလိတ်–အဒီးလမ်း၊ ဝမ်ညှပ်–ဝမ်ရှန်လမ်း။

ဟိုမိန်းဒေသ

တာစွတ်တိန်း–ဟိုမိန်းလမ်း၊ ဟိုမိန်း–ခန်းပါလမ်း။

မုံးထော်/မုံးထဒေသ

မုံးကျွတ်–နားကောင်းမူလမ်း၊ နားကောင်းမူ–မုံးထ–ပန်မိုင်စွန်လမ်း၊ မုံးထ–ခန်းပါ–ဆန်ဂိုဒေါင်လမ်း။

မော်ဖဒေသ

လွယ်ပါ–လွယ်ဟိုလာလမ်း၊ ပွိုင့် ၆၀၂၈–ရောင်အူလမ်း၊ တာကော်လေး–မက်မန်းလမ်း။

ပအိုဝ်းဒေသ

ကျောက်တလုံး–နောင်တရားလမ်း၊ ကျောက်တလုံး–ပင်တွန်းလမ်း၊ တောင်ကြီး–ကျောက်တလုံးလမ်း၊ ကျောက်တလုံး–နမ့်ပန်လမ်း၊ ဆီဆိုင်–နောင်ထော်လမ်း၊ ပွန်ချောင်း–ကဒူးကြီးလမ်း၊ မောက်မယ်–နမ့်လွတ်–ကဒူးလေးလမ်း၊ ကဒူးကြီး–တာစွတ်တိန်းလမ်း၊ ဘန်းယဉ်–ပန်အောလမ်း၊ ဟိုင်းနားလေး–နားရိုင်းလမ်း၊ ကျောင်းထို–ကတ္တူလမ်း၊ မိုင်းပွန်–မိုင်းဆစ်လမ်း။

ကယားဒေသ

ဆီဘူး–သာအောက်–မောင်ဘလော့–ကျေးကတော့လမ်း၊ မိုးဗြဲ–လဂျိန္တဲ့–ပီကင်းလမ်း၊ ဖရူဆို–မူဆို–ဟိုယာလမ်း၊ ဟိုယာ–ကေကောလမ်း၊ ဟိုယာ–ခါးဘယ်လမ်း၊ ဆီဘူး–သိကျိတ်လမ်း၊ ဆီဘူး–လိပ်သို–ယာဒိုလမ်း၊ ပီကင်း–လအိ–လတိန်–ဆောင်းပြောင်းလမ်း၊ ဇလုံတောင်–လအိ–လတိန်–ပီကင်းလမ်း၊ ဒေါ်ရောခူ–လွိုကထိလမ်း၊ လိုဘာခူ–ခူးပရားလမ်း၊ ခူးပရား–လွိုင်နန်းဖလမ်း၊ ပန်တိန်း–ဘီပီ၁၅လမ်း၊ မဲ့စဲ့–ဘီပီ၁၄လမ်း၊ ဗဟုံး–ကျေးကတော့–မောင်ဘလော့လမ်း၊ ဘော်လခဲ–ဒေါ်ညေးခူ–ဒေါ်တမကြီးလမ်း၊ လွိုင်နန်းဖ–၄မိုင်လမ်းဆုံလမ်း၊ လောပိတ–ပရဲခူ–ဘိုရား–ဒေါ်ဖုလမ်း၊ ဘီမီခို–ကွာခီး–ဘူးကိုလမ်း။

မွန်ဒေသ

ရေး–ဂနီလမ်း၊ ခေါဇာ–မကျီးလမ်း၊ ရေး–ခေါဇာလမ်း၊ ရေး–ကျောင်းရွာလမ်း၊ ခရုံဂူ–တရနာ–ကော့ဘိန်း–မင်းရွာလမ်း၊ ကော့ဘိန်း–ကမ်းနီလမ်း၊ ဇာသပြင်–ချောင်းနှစ်ခွလမ်း၊ ကြာပန်း–ဝီယော်–ဒေါက်ယက်၊ ညောင်ထောက်–ဆင်ကွင်း–ဝင်းကံလမ်း။

ကရင်ဒေသ

ဝါးဘိုးတော–ကမမောင်းလမ်း၊ ကြာအင်းဆိပ်ကြီး–ချောင်းနှစ်ခွလမ်း၊ ကြာအင်းဆိပ်ကြီး–တဂေး–ကျိုက်ဒုံလမ်း၊ ထီးပိုးကလို–နောင်ကမြိုင်–ရွှေဂွန်း–မြိုင်ကြီးငူလမ်း၊ ဇာသပြင်–ကျုံဖဲ–ကျားကလေးလမ်း၊ သက်န်းညီနောင်–ဇွေ့ရှမ်းလမ်း၊ မြဝတီ–မယ်ထော်သလေးလမ်း၊ သံတောင်ကြီး–လိပ်သိုလမ်း၊ ကြာအင်းဆိပ်ကြီး–မဲသရော–တောင်ကြာအင်းလမ်း။

တနင်္သာရီဒေသ

၁၀မိုင်–ချမ်းဖမ်းလမ်း၊ တနင်္သာရီ–သဲဖြူ–မောတောင်လမ်း၊ ဟံကပြူ–ရွာဟော့လူလမ်း၊ ခမောက်ကြီး–မာရမ်းလမ်း၊ မဏ္ဍိုင်–ရတနာပုံ–အလယ်စခန်း–လှည်းဆိပ်လမ်း၊ ဆိတ်ဖူး–မာရန်း–အေးချမ်းသာ–နမ့်တွန်လမ်း၊ ချောင်ချို–၂၃မိုင်တိုင်လမ်း၊ ပလောက်–ပြည်ခြား–အောင်သာဝရလမ်း၊ စမ်းသီတာ–နမ့်တွန်လမ်း၊ ချမ်းဖမ်း–ဟတ်စတင်းလမ်း၊ သဘောလိပ်–သဲပုံ–သာယာကုန်းလမ်း၊ ပလောက်–ပြည်ခြား–သရက်–အောင်သာဝရလမ်း၊ ချောင်ချို–၂၃မိုင်တိုင်လမ်း၊ ချမ်းဖမ်း–ဟတ်စတင်း–အော်ကြီးလမ်း၊ ၅၇မိုင်လမ်းခွဲ–အောင်ဘာရွာလမ်း။

ရခိုင်ဒေသ

ဘူးသီတောင်–တောင်ဘဇာလမ်း၊ ဘူးသီးတောင်–ကျောက်တော်လမ်း၊ ကျောက်တော်–ပလက်ဝလမ်း၊ မောင်တော–ကြိမ်ချောင်း–အောင်သပြေလမ်း၊ မောင်တော–ကျီးကန်းပြင်လမ်း၊ မောင်တော–အလယ်သံကျော်–အငူမော်လမ်း၊ ကျောက်ပန္တု–သဇင်မြိုင်လမ်း၊ ကမ်းတောင်ကြီး–ရှောက်ခြုံလမ်း၊ ခမောင်းဆိပ်–လှိုင်းသိလမ်း၊ ဝါးခုတ်ချောင်း–ကွန်တိုင်ရွာလမ်း။

ချင်းဒေသ

တီးတိန်–တွန်းဇံ–ကျီးခါးလမ်း၊ ထန်တလန်–လုံလဲလမ်း၊ တီးတိန်–ရိဒ်ရေကန်လမ်း၊ တီးတိန်–ထုတ်လှိုင်လမ်း၊ ဇော်ကောင်–လေးဒေါ့–လိမ်ခိုင်လမ်း၊ တွီးခရမ်း–ဒါရ်ခိုင်လမ်း၊ ရေစွာ–လိုင်လင်းပီလမ်း၊ ရေဇွာ–ဆဘောင်သဲလမ်း၊ ဟာရီဖီး–ဝေါင်းသူလမ်း၊ ဝေါင်းသူ–ငဖိုင်ဖီလမ်း၊ ကန်ပက်လက်–ကျင်ဒွေးလမ်း၊ ခွီးရိန်–ရန်ပန်းလမ်း။

ကဘော်ချိုင့်ဝှမ်းဒေသ

တမူးမြို့အလောင်းဘုရားလမ်း၊ တမူးနယ်စပ်လမ်း။

စစ်ကိုင်းဒေသ

ကလေးဝ–မော်လိုက်လမ်း၊ ကန့်ဘလူ–ကျွန်းလှ–ချပ်သင်း–ကြခတ်အိုက်–ကောလင်းလမ်း၊ ပုလဲမြို့မှအလောင်းတော်ကဿဖသွား ပုပ္ပားချဉ်းကပ်လမ်း။

နာဂဒေသ

လဟယ်–တိုက်ရန်းလမ်း၊ ခန္တီး–လဟယ်လမ်း၊ လဟယ်–ယမ်းကြုံးလမ်း၊ လဟယ်–ကြူရန်းလမ်း၊ လဟယ်–တိုက်ရန်း–ပုံညိုလမ်း၊ လေရှီး–ပန်ဆပ်–ဆွန်ပရာလမ်း၊ လောင်ငေါက်–စစ်ဖောင်–ကျွန်းဖောင်လမ်း

ယခုအခါ နယ်စပ်ဒေသများတွင် မြေလမ်း၂၉၄၁မိုင်၊ ကျောက်ခင်းလမ်း ၁၇၄၄ မိုင်၊ ကတ္တရာလမ်း ၃၂၅မိုင်ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်၍ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူ ငါးသန်းကျော် လွယ်ကူစွာကူးလူးဆက်သွယ် သွားလာနေကြပြီဖြစ်သည်။

ဤသို့ဆောင်ရွက်ပေးမှုဖြင့် ယခင်က တော တောင် လျှို မြောင်တွေကို ဖြတ်ကျော်ပြီး ခြေကျင်သွားလာခဲ့ရသည့် နယ်စပ်လမ်းများ၊ ဝန်တင်လား၊ မြင်းများ နှင့် ကုန်စည်သယ်ယူခဲ့ရသော နယ်စပ်မှလမ်းများသည် ယနေ့ခေတ်အခါမှာဖြင့် ကားတဝီဝီ မောင်းလို့ သွားနိုင်ကြပါပြီ။ တိုင်းရင်းသားများ ပလိုင်းကိုလွယ်၍ တစ်မျိုး၊ ထမ်းပိုးကိုထမ်း၍တစ်ဖုံ ခရီးသွားလာနေကြသည့် မြင်ကွင်းများမှာလည်း ရှားပါးသွားခဲ့ပါပြီ။ ယမန်နှစ်က လေ့လာရေးခရီးစဉ်တွင် လိုက်ပါလာရင်း “ကားလမ်းတွေပေါက်လို့ ခုမှရွှေတိဂုံဘုရားကြီးဖူးရတော့တယ်၊ အဘသေပျော်ပါပြီကွယ်”ဟု ပြောသွားခဲ့သော တနင်္သာရီတိုင်း မေတ္တာ/တောင်သုံးလုံးဒေသမှ အသက် (၇၄)နှစ်အရွယ်ရှိ အဘဦးဖိုးစိန်၏ စကားသံက ဝမ်းနည်းဝမ်းသာပီတိ မျက်ရည်ဝေစေခဲ့သည်။

၂၀၀၄ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟို ကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“နယ်မြေဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကကျကြောင်း၊ ယခုအခါ နယ်စပ်ဒေသများ၌ လမ်းများတိုးတက်ကောင်းမွန်လာပြီ ဖြစ်သော်လည်း ဆက်လက်ဆောင်ရွက် ဖွယ်ရာများကျန်ရှိနေသေးကြောင်း၊ ရာသီမရွေးသွားလာနိုင်သည့် လမ်းများ ဖြစ်စေရေး၊ လိုအပ်သည့်လမ်းမကြီးများကို ကတ္တရာခင်းလမ်းမကြီးများ ဖြစ်စေရေး၊ တံတားများကို ပိုမိုခိုင်ခံ့သည့် တံတားများ ဖြစ်စေရေးတို့အတွက် ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း”

လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရာတွင် အဓိကထားဆောင်ရွက်ခဲ့သော လမ်း/တံတားများ၏ ကျေးဇူးကြောင့် နယ်စပ်ဒေသအသီးသီးတွင် လူမှုစီးပွားရေး အခြေခံအဆောက် အအုံများမှာမျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်ခဲ့သလို နယ်စပ်မြို့များအနေ ဖြင့်လည်း အတွင်းပိုင်းမြို့ကြီးများနှင့်မခြား ခေတ်မီဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အနေဝေးခဲ့ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ရင်းနှီးချစ်ကြည်စွာ ထိတွေ့ဆက်ဆံမှုများလာ၍ အပြန်အလှန်နားလည်ယုံကြည်မှု မြင့်မားလာပြီး စည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာလာခဲ့ပေပြီ။ ငြိမ်းချမ်းရေးနှင့်အတူ ယှဉ်တွဲ ပေါ်ပေါက်လာသည့် နယ်စပ်ဒေသ လမ်း/တံတားများက ပြည်ထောင်စုသား အားလုံးကို အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လမ်းပြခေါ်ဆောင်သွားမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း။ ။

အမေ မြင်စေချင်ပါသည်

* အမေရှိတုန်းက
ဂလုံးဂလု
အဖုအထစ်နဲ့
ထုဆစ်ထားတဲ့ရွာလမ်း
ကြမ်းသလားမမေးနဲ့
ခု–
“ရွာလမ်းမြေညီ”
မြေနီနီမှာ
စီရီတဲ့ပန်းအလှတွေနဲ့
အရမ်းလှနေပြီအမေ။

* အမေရှိစဉ်က
ရေစင်တစ်ပေါက်
တစ်ဝသောက်ဖို့ဝေး
တစ်ထောက်ခရီးထွက်မှ
ရေတစ်စည် ရတဲ့ရွာ။
ခုတော့–
လှူတဲ့သူပေါ
ရေဒလဟောနဲ့
သောသောရွှင်ရွှင်
ကြည်လင်တဲ့ရေကိုသယ်
ရွာလယ်ကအပြန်
လက်ခတ်သံညံတဲ့လမ်း
“အပိုဝင်ငွေရှာတဲ့စခန်း”။

* အမေနှင့်ကျွန်တော်
တူပျော်ပျော်နေခဲ့တုန်းက
ဘော်ငွေရောင်လျှမ်း
လရောင်ဆမ်းတဲ့
အိမ်ကြမ်းပြင်မှာ
ထည်ဝါမှုကင်း
အကာအရံဆိုတာ အလျှင်းပါပဲလေ။

* ခု–များဖြင့်အမေရယ်
“ကျေးလက်အိမ်ရာ”တဲ့
အကာကပျဉ်ထောင်
ခေါင်မိုးကသွပ်ပြား
အခင်းပြားကပိတောက်
ထုပ်,လျောက်ကသစ်ရာ
သစ်မာသားက တိုင်ထူလို့
ဇမ္ဗူကျော်အောင်လှပပြီး
ကြွကြွရွရွ နေချင့်စဖွယ်
အိမ်တွေနဲ့–အမေရယ်
အိမ်ဦးခန်းမှာ အမေ့ကိုထား
သားကန်တော့ချင်လိုက်တာ
လွမ်းလိုက်တာ အမေရယ်။ ။

မောင်စိတ္တ(ပညာရေး)

ရွှေတိဂုံရေကြည်တော်ဝတ်အသင်း ဥက္ကဋ္ဌ ဦးတင်လတ်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ညွန့်တို့ဦးဆောင်သော အမှုဆောင်အဖွဲ့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်နှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန် အလှူငွေကျပ် ၃၀၇၅၀၀ ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ဇူလိုင်၁၅ရက်က ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာ ဥယျာဉ်အိမ်ရာ ရိပ်သာလမ်း အမှတ် (၉၆/၅)နေ ဦးချစ်သောင်း–ဒေါ်မြင့်မြင့်အေး မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်တို့အတွက် အလှူငွေ ကျပ်နှစ်သိန်းကို ဇူလိုင် ၁၀ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က–ပ)



**ပြည်ထောင်စုမြန်မာနိုင်ငံတော
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်
ခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မ
နိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်
ချုပ် မစ္စတာ ဝမ်ကြားပေါင်
ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်း
ခံယူကြစဉ်။**

(သတင်းစ

ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံ
ကောင်စီ ဝန်ကြီးချုပ် မ
ဝမ်ကြားပေါင်တို့သည် ညနေ
တွင် ပြည်သူ့ခန်းမဆောင်
အရှေ့ဘက်ခန်းမကြီး၌
ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံ
ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွ
အတူ နိုင်ငံတော် အေးချမ်းသ
ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒု
ဗိုလ်ချုပ်ကြီးမောင်ဘို၊ လယ
စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝ
ဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် နယ်စပ်တွင် မှုခင်းများတားဆီးဖော်ထုတ်ရေး
နှစ်ဖက်ခေါင်းဆောင်များအကြား အပြန်အလှန်သွားရောက်လည်ပတ်ခြင်းဖြ

✪ **ကျောဖုံးမှ**

ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြန်လည်မိတ်ဆက်ပေးသည်။

အလေးပြုခြင်းခံယူ

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြပြီး အလေးပြုခံစင်မြင့်၌

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီကျောက်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဝမ်ရီနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေး

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင် ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည် မိတ်ဆက်ပေးစဉ်။(သတင်းစဉ်)

ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အမြောက် ၁၉ ချက် ပစ်ဖောက်၍ ဂုဏ်ပြုသည်။

ထို့နောက် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသား သီချင်းနှင့် တရုတ်ပြည်သူ့ ပြန်လည် နေရာယူကြသည်။ ဆက်လက်၍ နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက် အလေးပြုခြင်းကို ခံယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီးသန့်တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ပြည်သူ့ခန်းမဆောင်ကြီး၏ ဧည့်ခန်းဆောင်၌ သီးသန့်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်တို့ တက်ရောက်ကြသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝ
ဦးအောင်သောင်း၊ နိုင်ငံခြာ
ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအေ
သတ္တုတွင်းဝန်ကြီးဌာန ဝ
ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပို့ဆော
ဝန်ကြီးဌာန ဝန်ကြီး ဗိုလ
လှမြင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွာ
ရေးလုပ်ငန်းဝန်ကြီးဌာနနှင့်ဆက်
ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြ
ဝန်ကြီး ဗိုလ်မှူးချုပ်သိန်း
စွမ်းအင်ဝန်ကြီးဌာန ဝ
ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်
ဝန်ကြီးဌာန ဝန်ကြီး ဗိုလ
တင်ထွတ်၊ ရထားပို့ဆောင်ရေးဝ
ဌာန ဝန်ကြီး ဗိုလ်ချုပ်အောင
ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ
သိန်းဆွေ၊ အမှတ်(၂) စက်မှုဝ
ဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်
ခင်မောင်ကျော်၊ ဘဏ္ဍာရေးနှင့်
ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်
လှသိန်းဆွေ၊ တရုတ်ပြည်သူ့သ
နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမ
ဦးသိန်းလွင်၊ နိုင်ငံတော်အေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီး ချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော် ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့သည် ညနေ ၆နာရီ တွင် ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ တွေ့ဆုံ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အတူ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

တက်ရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံ တော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီကျောက်ရှင်း၊ ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကျမ်းချွမ်ရှမ်း၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ရီ၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာယုကွမ်းကျိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြ သည်။

ရှိပါကြောင်း၊ မြန်မာနိုင်ငံကို နိုင်ငံ တကာ မျက်နှာစာတွင်ရော ပြည်တွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်ပါ တရုတ်နိုင်ငံက အထူးကူညီပေးလျက် ရှိခြင်းကို ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတကာရေးရာကိစ္စတွင် မြန်မာနှင့် တရုတ်နိုင်ငံတို့သည် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ နိုင်ငံသည် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို နိုင်ငံတကာနယ်ပယ်တွင် ကျင့်သုံးရပ်တည်ပေးရန် ကတိပြု ကြောင်း၊ နှစ်နိုင်ငံအကြား ရှည်လျား သော နယ်စပ်ရှိသော်လည်း ကြီးကြီး မားမားပြဿနာဟူ၍ မရှိကြောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် နယ်စပ်တွင် မှုခင်းများ တားဆီး ဖော်ထုတ်ရေးတို့တွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊စွယ်တော် မြတ်စေတီတွင် ကိန်းဝပ်ရန် ကျောက်စိမ်းဗုဒ္ဓရုပ်ပွား နှစ်ဆူကို လှူဒါန်းခဲ့ပါကြောင်း ပြောကြားပြီး တရုတ် ဝန်ကြီးချုပ်အား မြန်မာ

ဖော်ထုတ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ည်ပတ်ခြင်းဖြင့် ချစ်ကြည်ရေးကို နက်ရှိုင်းစေခဲ့

ပူးပေါင်းဆောင်ရွက်ရာတွင် စွမ်းအင်၊ သတ္တုတွင်း၊ ဆက်သွယ်ရေး၊ စိုက်ပျိုး ရေးနှင့် သစ်တောကဏ္ဍများ ပူးပေါင်း ဆောင်ရွက်ရေးကို အားဖြည့်ပေးလို ကြောင်း၊ မြန်မာနိုင်ငံမှ အဆိုပြုသည့် စီးပွားရေး စီမံကိန်းများအတွက် အကူအညီများပေးလျက်ရှိကြောင်း၊ တရုတ်နှင့်မြန်မာ နှစ်နိုင်ငံအကြား နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှု များ အရေးကြီးပါကြောင်း၊ နှစ်ဖက် ခေါင်းဆောင်များအကြား အပြန် အလှန် သွားရောက်လည်ပတ်ခြင်းဖြင့် ချစ်ကြည်ရေးကို နက်ရှိုင်းစေခဲ့ခြင်းကို ဆက်လက်ထိန်းသိမ်းစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက် ဖြစ်ထွန်းရေးအတွက် တတ်နိုင်သမျှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍစုံ တိုးမြှင့် ဆောင်ရွက်ရေးကို နှစ်ဦး နှစ်ဖက် ညှိနှိုင်းဆောင်ရွက်သွားကြ မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြ သည်။

လက်မှတ်ရေးထိုးပွဲ

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့နှစ်နိုင်ငံအကြား သဘောတူ စာချုပ်များ၊ နားလည်မှုစာချွန်လွှာ များနှင့် အပြန်အလှန် လဲလှယ်မှု စာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်း အနားကို နှစ်နိုင်ငံ ဝန်ကြီးချုပ်များ၏ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်သူ့ ခန်းမဆောင်ကြီး၏ ဟေဘေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံ တော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့– အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ် ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ– နိုင်ငံ တော် ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများတက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား သဘောတူစာချုပ်ဖြစ်သည့် "ပြည် ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ တို့အကြား စီးပွားရေးနှင့် ကျွမ်းကျင်မှု အတတ်ပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်" အပြန်အလှန် လဲလှယ်မှုစာချွန်လွှာ များဖြစ်သည့် "အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တည်ဆောက်ရေး စီမံကိန်းဆိုင်ရာစာလွှာ"၊ "မြန်မာ နိုင်ငံတွင် ရေအားလျှပ်စစ်လုပ်ငန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အနောက်ဘက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင် တော် – နိုင်ငံတော်ဝန်ကြီးချ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရု ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတေ ကောင်စီ ဝန်ကြီးချုပ် မစ္စတ ဝမ်ကြားပေါင်တို့ ပြည်သူ့ခန် ဆောင်ကြီး၏ ဧည့်ခန်းဆောင သီးသန့်တွေ့ဆုံကြစဉ်။ (သတင်းစ

စီမံကိန်းများ၏ ပင်မစီမံ ရေးဆွဲရေးဆိုင်ရာစာလွှာ"၊ "သန်လ ကျောက်တန်း စက်မှုဇုန်အဝ ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာစာ နှင့် "တရုတ်ပြည်သူ့သမ္မတနိုင် အတိုးမဲ့ချေးငွေ ရင်မင်ဘီယွန် ၅၀ဖြင့် ရထားသံလမ်းများရယ ဆိုင်ရာစာလွှာ" တို့ကိုဘဏ္ဍာရေ အခွန်ဝန်ကြီးဌာန ဒုတိယဝန် ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တ ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရေ ဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန် မစ္စတာယုကွမ်းကျိုးတို့က လက် ရေးထိုးကြပြီး သဘောတူစာချု အပြန်အလှန် လဲလှယ်မှုစာချွန် များကို အပြန်အလှန်လဲလှယ သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာ ရေးလုပ်ငန်းဝန်ကြီးဌာနနှင့်ဆက်သွယ် ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ်၊ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်း

ကျေနပ်အားရ

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား တည်ရှိသည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့မှာ များစွာ ကျေနပ်အားရဖွယ်ကောင်းကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရေး၊ စီးပွား ရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက် ရေးများ ပိုမို တိုးတက်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက် တိုးမြှင့် ရေးအတွက် စွမ်းအင်၊ သတ္တု၊ ရေအား လျှပ်စစ်၊ လယ်ယာစိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ စက်မှုနှင့် ကုန်သွယ် ရေး ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ အကျိုးတူ ပူးပေါင်း ဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံ လယ်ယာ၊ စက်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊သတ္တုနှင့် သစ်တော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် နယ်ပယ်အများအပြား

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် ကြီး ခင်ညွန့်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြား ပေါင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ပါကြောင်းဖြင့် ပြောကြား သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံ တော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ပြန်လည်ဆွေးနွေး ရာတွင် မြန်မာနိုင်ငံသို့ လည်ပတ်ရန် ဖိတ်ခေါ်ချက်ကို ကျေးဇူးတင်ပါ ကြောင်း၊ အခါအခွင့်သင့်လျှင် လည်ပတ်မည်ဖြစ်ကြောင်း၊ တရုတ် နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရာတွင် မြန်မာနိုင်ငံကို အလေးထားမည်ဖြစ်ကြောင်း၊ တရုတ် တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံ ရပ်တည်ပေးသည့်အတွက် ကျေးဇူး တင်ကြောင်း၊ နှစ်နိုင်ငံ စီးပွားရေး

⇨ စာမျက်နှာ ၉ မှ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား နားလည်မှုစာချွန်လွှာဖြစ်သည့် "ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်း ဝန်ကြီးဌာနတို့အကြား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်းရှီးတုန်းတို့က လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြသည်။

ဓာတ်မြေသြဇာစက်ရုံ

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သဘောတူစာချုပ်ဖြစ်သည့် "အမှတ်(၄) ယူရီးယားဓာတ်မြေသြဇာစက်ရုံ (တိုက်ကြီး) တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေဖြည့်ဆည်းရေးသဘောတူစာချုပ်"ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ထုတ်ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာ ရန်းဇီလင်တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား သဘောတူစာချုပ်ဖြစ်သည့်"ချေးငွေပေးဆပ်ရေး ပြန်လည်ညှိနှိုင်းမှု သဘောတူစာချုပ်"ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်နှင့် အာမခံချေးငွေကော်ပိုရေးရှင်း (SINOSURE) ဥက္ကဋ္ဌ မစ္စတာ ထန်ရှန်ရှင်းတို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

လဲလှယ်

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ထောက်ပံ့ရေးစာချုပ်ဖြစ်သည့် "မြန်မာနိုင်ငံဆက်သွယ်ရေးကွန်ရက် တည်ဆောက်ရေး စီမံကိန်းအတွက် ထောက်ပံ့ရေးစာချုပ်"ကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသာဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာ ဟိုဝေကွေ့တို့က လက်မှတ်ရေးထိုးကြပြီး ထောက်ပံ့ရေးစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား သဘောတူစာချုပ်ဖြစ်သည့် "တကောင်းတောင်နီကယ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း သဘောတူစာချုပ်"ကို သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Non-ferrous Metal Mining & Construction Co,. Ltd ဥက္ကဋ္ဌ မစ္စတာ ကျန်းကျန့်တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြားနားလည်မှုစာချွန်လွှာဖြစ်သည့် "ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာ"ကို အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation ဥက္ကဋ္ဌ မစ္စတာ ရန်းချန်ဟန်တို့က လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန်လဲ လှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုညစာစားပွဲတည်ခင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ - နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ကညှ ၇ နာရီခွဲတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အနောက်ဘက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် "ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်"၊ အပြန်အလှန်လဲလှယ်မှုစာချွန်လွှာများဖြစ်သည့် "အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာစာလွှာ"၊ "မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်လုပ်ငန်းစီမံကိန်းများ၏ ပင်မစီမံချက်ရေးဆွဲရေးဆိုင်ရာစာလွှာ"၊ "သန်လျင်-ကျောက်တန်း စက်မှုဇုန်အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာစာလွှာ"နှင့် "တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတိုးမဲ့ချေးငွေ ရင်မင်ဘီယွန်သန်း ၅၀ဖြင့် ရထားသံလမ်းများ ရယူရေးဆိုင်ရာစာလွှာ"တို့ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာယုကွမ်ကျိုးတို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် "ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်းဝန်ကြီးဌာနတို့အကြား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်းရှီးတုန်းတို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

စီးပွား/ ကူးသန်းဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမိသားစု၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ရန် အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အရိယာမဏ္ဍိုင်စာသင်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဝန်ကြီးဌာနအကြံပေးပုဂ္ဂိုလ်များ၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးညွှန့်အေး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဇူလိုင် ၁၂ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အနောက်ဘက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေး

ဇူလိုင် ၁၂ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှု စာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှု စာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် "အမှတ်(၄) ယူရီးယားဓာတ်မြေသြဇာစက်ရုံ (တိုက်ကြီး) တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းရေး သဘောတူစာချုပ်"ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ထုတ်ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာရန်းဇီလင်တို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ချေးငွေပေးဆပ်ရေး သဘောတူစာချုပ်ရေးထိုး

ဇူလိုင် ၁၂ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှု စာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှု စာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် "ချေးငွေပေးဆပ်ရေး ပြန်လည်ညှိနှိုင်းမှု သဘောတူစာချုပ်"ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်နှင့်အာမခံချေးငွေကော်ပိုရေးရှင်း (SINOSURE) ဥက္ကဋ္ဌ မစ္စတာ ထန်ရှန်ရှင်းတို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ရေးစီမံကိန်း ထောက်ပံ့ရေးစာချုပ်

ဇူလိုင် ၁၂ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ နားလည်မှုစာချွန်လွှာများနှင့် အပြန်အလှန် လဲလှယ်မှု စာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် "မြန်မာနိုင်ငံ ဆက်သွယ်ရေး ကွန်ရက် တည်ဆောက်ရေး စီမံကိန်းအတွက် ထောက်ပံ့ရေးစာချုပ်"ကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသာဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာဟိုဝေကွေ့တို့က လက်မှတ်ရေးထိုးကြစဉ်။

(သတင်း-ကျော)(သတင်းစဉ်)

လှေလှာရေးစာချုပ်

ဇူလိုင် ၁၂ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ နားလည်မှု စာချွန်လွှာများနှင့် အပြန်အလှန် လဲလှယ်မှုစာလွှာများ လက်မှတ် ရေးထိုးပွဲအခမ်းအနားတွင် "တကောင်းတောင် နီကယ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေး လုပ်ငန်း သဘောတူစာချုပ်"ကို သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ **China Non-Ferrous Metal Mining & Construction Co.,Ltd.** ဥက္ကဋ္ဌ မစ္စတာကျန်းကျန့်တို့က လက်မှတ်ရေးထိုးကြစဉ်။

(သတင်း-ကျော)(သတင်းစဉ်)

ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန် နားလည်မှုစာချွန်လွှာ

ဇူလိုင် ၁၂ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ နားလည်မှု စာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှု စာလွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် "ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာ" ကို အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှု ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ **China Metallurgical Construction (Group) Corporation** ဥက္ကဋ္ဌ မစ္စတာရန်းချန်ဟန်တို့က လက်မှတ်ရေးထိုးကြစဉ်။

(သတင်း-ကျော)(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ဒုတိယ အကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်စဉ်။ (ကျန်းမာရေး)

အေအိုင်ဒီအက်စ် ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေ

ရန်ကုန် ဇူလိုင် ၁၈

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒုတိယ အကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်စ်ညီလာခံသို့တက်ရောက်ရန် ဇူလိုင် ၁၀ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိသည်။

ဒုတိယအကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ရက် နံနက် ၉နာရီတွင် ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာန၌ကျင်းပရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအေအာနန်တို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

နံနက် ၁၀နာရီတွင် အစည်းအဝေးကို ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသော အေအိုင်ဒီအက်စ် ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ ပြည်သူလူထုနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများကို လည်းကောင်း၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ ရာနှုန်းပြည့် ကွန်ဒုံးအသုံးချရေး အစီအစဉ်များကိုလည်းကောင်း၊ မိခင်မှ ကလေးသို့ ရောဂါကူးစက်မှု ကာကွယ်တားဆီးရေး စီမံဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ ပြည်သူလူထုအား အသိပညာပေးရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံအစိုးရက အေအိုင်ဒီအက်စ်ရောဂါကို အမျိုးသားရေး အသွင်ဖြင့် ဦးစားပေး ကာကွယ်တိုက်ဖျက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

အတည်ပြု

ထို့နောက် တက်ရောက်လာသော ကျန်းမာရေးဝန်ကြီးများက ဒုတိယ အကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေး ဝန်ကြီးများအစည်းအဝေး သဘောတူဆုံးဖြတ်ချက်များကို အတည်ပြုကြသည်။

ဇူလိုင် ၁၁ရက် ည ၇နာရီတွင် (၁၅)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်စ် ညီလာခံဖွင့်ပွဲအခမ်းအနားကို Impact Arena ၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်သည်။

ဝန်ကြီးသည် ဇူလိုင် ၁၂ရက်တွင် (၁၅)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်စ်ညီလာခံ စုံညီအစည်းအဝေး၌ စာတမ်းများ တင်ပြသည့် အစီအစဉ်သို့ တက်ရောက်ပြီး ဇူလိုင် ၁၃ရက်တွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၏ပြခန်းများနှင့်အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ ပြခန်းများ၊ သွေးစစ်ဆေးသည့် ပစ္စည်းကိရိယာများနှင့် ရောဂါဖြစ်ပွားမှုအခြေအနေကို တိုင်းတာသည့် ပစ္စည်းကိရိယာများ၊ ဆေးဝါးများ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။ ဘာသာရေးအဖွဲ့အစည်းများမှ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေးကဏ္ဍ ဆွေးနွေးနေမှုကိုလည်း ကြည့်ရှုသည်။

ဇူလိုင် ၁၄ရက်တွင် (၁၅)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်စ် ညီလာခံသို့ တက်ရောက်ကြသော နိုင်ငံတကာအဖွဲ့အစည်းများမှ ခင်းကျင်းပြသထားသည့် ပိုစတာများကို ကြည့်ရှုခဲ့ကြသည်။ ဝန်ကြီးသည် ညနေပိုင်းတွင် ကုလသမဂ္ဂ အေအိုင်ဒီအက်စ် အစီအစဉ်က ကြီးမှူးကျင်းပသော ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဝန်ကြီးဌာန၏ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးစီမံချက်၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ အေအိုင်ဒီအက်စ် ကူးစက်ရောဂါကို ပူးပေါင်းကာကွယ်တိုက်ဖျက်နေသည့် လုပ်ငန်းများနှင့် ဂါနာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဆွာဇီလန်နိုင်ငံတို့၌ အလားတူ ဆောင်ရွက်လျက်ရှိသည့် အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ တင်ပြမှုအစီအစဉ်သို့ တက်ရောက်ပြီး အဆိုပါဆွေးနွေးပွဲတွင် ကျန်းမာရေးဦးစီးဌာန ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့်ကာလသားရောဂါ ကာကွယ်တိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာမင်းသွယ်ကလည်း ပါဝင်ရှင်းလင်း ဆွေးနွေးတင်ပြသည်။

တွေ့ဆုံဆွေးနွေး

ဝန်ကြီးသည် ဇူလိုင် ၁၅ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ခင်းကျင်းပြသထားသော ပြခန်းငယ်ကို သွားရောက်ကြည့်ရှုသည်။ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါတိုက်ဖျက်ရေးရန်ပုံငွေမှ မြန်မာနိုင်ငံ တာဝန်ခံ မစ္စတာတွန်ဟာလီနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် မစ္စတာချားလ်ပက်ထရီတို့နှင့် တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံ၌ အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများအတွက် ရန်ပုံငွေများ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်မှ တစ်ဆင့် လက်ခံရယူ၍ စီမံချက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စကို ဆွေးနွေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည့် ဖရန်းဆွာ ဘာညိုးဇေဘေးယား Francois Bagnaud Xavier (FXB) မှ ဒေသဆိုင်ရာ တာဝန်ခံ Mr. Jean-Marc နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ (FXB)အဖွဲ့က ဆောင်ရွက်လျက်ရှိသော အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးသည်။

(၁၅)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်စ်ညီလာခံ ပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ရက် ညနေပိုင်းတွင် ကျင်းပခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၇ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra တို့က ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကမ္ဘာ့အေအိုင်ဒီအက်စ် ညီလာခံသို့ မြန်မာကိုယ်စားလှယ် ၄၆ဦး တက်ရောက်

ရန်ကုန် ဇူလိုင် ၁၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အင်းပက်ကွန်ဗင်းရှင်းစင်တာ၌ ဇူလိုင် ၁၁ရက်မှ ၁၆ရက်အထိ ကျင်းပသည့် (၁၅)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်စ် ညီလာခံသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ၄၆ဦး တက်ရောက်ခဲ့သည်။

အဆိုပါ ညီလာခံတွင် ကျန်းမာရေးဦးစီးဌာန ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့်ကာလသားရောဂါ ကာကွယ်တိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာမင်းသွယ်က စာတမ်းတစ်စောင်၊ UNAIDS မှ ဒေါက်တာ အိမွန်မာစီက စာတမ်းတစ်စောင်၊ လူငယ်ကိုယ်စားလှယ် မသော်ဇင်အေးက စာတမ်းတစ်စောင်၊ FXB မှ ကိုယ်စားလှယ်များက စာတမ်းသုံးစောင်တို့ကို တင်သွင်းခဲ့ကြပြီး UNDP မှ ဦးမောင်မောင်ကျော်က ပိုစတာ တစ်စောင်၊ အာဆီယံပြခန်း၌ ကျန်းမာရေးဝန်ကြီးဌာနမှ ပြခန်းငယ်တစ်ခုနှင့် Care Myanmar နှင့် WVI ပြခန်းများ၌ ပြကွက်များ ပြသခဲ့ကြသည်။

ညီလာခံ အကြိုကျင်းပသည့် AIDS နှင့်ဘာသာရေးဆိုင်ရာ ဆွေးနွေးပွဲသို့ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှ အရှင်ဆေကိန္ဒနှင့် ကိုယ်စားလှယ်သုံးဦး၊ ကမ္ဘာ့ HIV/ AIDS ကူးစက်ခံနေရသူများညီလာခံသို့ ကိုယ်စားလှယ်သုံးဦးတို့ တက်ရောက် ပါဝင် ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၁၀ရက်မှ ၁၁ရက်အထိ ကျင်းပသည့် HIV/AIDS စီမံချက် မန်နေဂျာ အစည်းအဝေးသို့ စီမံချက်မန်နေဂျာ ဒေါက်တာမင်းသွယ်နှင့် ကိုယ်စားလှယ်တစ်ဦးတို့သည်လည်းကောင်း၊ ဇူလိုင် ၁၀ရက်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဖေသက်ထွန်းနှင့် ကိုယ်စားလှယ် တစ်ဦးတို့သည်လည်းကောင်း တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်အတွက် ထာဝရဒါန အရိပ်အလှူ၊ ပန်းအလှူ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၈

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့် အလှူရှင်များ ရွှေတိဂုံစေတီတော် သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တကန်တော်မင်္ဂလာမဟာဝန်းကျင်၌ အရိပ်ရပင်နှင့် ပန်းအလှပင်များကို ထာဝရဒါန အရိပ်အလှူ ပန်းအလှူအဖြစ် စိုက်ပျိုးလှူဒါန်းနိုင်ရန် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ဦး သွေးဆေးကန်အနီး၌ အလှူခံဌာနဖွင့်လှစ်ထားရှိသည်။

အဆိုပါအလှူခံဌာနသို့ စေတနာရှင်အလှူရှင်များက ဆီအုန်း၊ ကြိမ်ထန်း၊ အုန်းငှက်ပျော စသည့် အရိပ်ရပင်များ၊ ဗုဒ္ဓသရဏ၊ ရွက်လှ၊ ပန်း၊ ရွှေဝါး၊ ကြက်တူရွေး၊ ခေါင်ရန်း၊ ပုဏ္ဏရိက်ကြီး၊ စံပယ်၊ ဒန့်ဒကူး၊ နဂါးစက်ဂမုန်း၊ ဝါးမြက်၊ ပိတ်စွယ်စသည့် ပန်းအလှပင်များကိုစေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လာရောက်ဝယ်ယူလှူဒါန်းလျက်ရှိကြသည်။

ယနေ့မွန်းလွဲ၁နာရီခွဲတွင် လူမှုထူးချွန်ပထမဆင့် သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်းနှင့် ဇနီး သီဟသုဓမ္မသင်္ဂီ သီရိသုဓမ္မသင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်နီ၊ သားသမီးမြေးတစ်စု၊ ရွှေသံလွင်ကုမ္ပဏီ မိသားစုတို့က အရိပ်ရပင်များဖြစ်သည့် ဆီအုန်း၃၁ပင်၊ ကြိမ်ထန်း ၃၁ပင်၊ အုန်းငှက်ပျော၃၁ပင်နှင့် ပန်းအလှပင်များဖြစ်သည့် ဗုဒ္ဓသရဏပင်ရေ ၅၀၀၀၊ စံပယ်ပင်ရေ ၁၀၀၀၊နဂါးစက်ဂမုန်းပင်ရေ၃၀၀၊ကိုယ်ရံလေးပင်ရေ ၁၀၀၀၊ ပုဏ္ဏရိက်ကြီးနှင့် ပျိုမနိုင်ပင်ရေ၁၀၀စီ စုစုပေါင်းငွေကျပ် ၂၆၅၀၀၀၀တန်ဖိုးရှိ ပန်းပင်များကို ထာဝရဒါနအရိပ်အလှူ ပန်းအလှူအဖြစ် အလှူခံဌာနသို့လာရောက်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အလှူခံဌာနကို ဩဂုတ် ၃၁ ရက်အထိ နေ့စဉ် နံနက်၇နာရီမှ ညနေ၆နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ရာ အလှူရှင်များ လာရောက်ဝယ်ယူလှူဒါန်းနိုင်ကြသည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် သိင်္ဂုတ္တရဥယျာဉ်တော်ကြီး အတွင်း ရှင်ဥပဂုတ္တကန်တော် မင်္ဂလာမဟာဝန်းကျင်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များကို ထာဝရဒါန လှူဒါန်းခြင်းအဖြစ် အလှူရှင် လူမှုထူးချွန်ပထမဆင့် သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်းနှင့် ဇနီး သီဟသုဓမ္မသင်္ဂီ သီရိသုဓမ္မသင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်နီ၊ သားသမီးမြေးတစ်စု တို့က လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူစဉ်။ (သတင်းစဉ်)

ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ခရိုင်အဆင့်စာစီစာကုံးပြိုင်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၄ခုနှစ် ဩဂုတ် ၁ရက်မှ ၇ရက်အထိ ကျရောက်မည့် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ပုဒ်ဖြစ်သော " လုံခြုံပြည့်ဝ စိတ်ချရေး၊ မိခင်နို့သာတိုက်ကျွေးပေး" ခေါင်းစဉ်ဖြင့် ခရိုင်အဆင့် စာစီစာကုံးပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အတွင်းရှိ ခရိုင်များအလိုက် ကျင်းပကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေး တက်ရောက်ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)



ရန်ကုန်မြို့ မြိတ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

၁၃၆၆ ခု ဒုတိယဝါဆိုလဆန်း(၈)ရက်(၂၄-၇-၂၀၀၄)စနေနေ့ မွန်းလွဲ၁နာရီ အချိန် ရန်ကုန်မြို့၊ မြိတ်အသင်း အမှတ်၆၈၊ လှည်းတန်းလမ်း လမ်းမတော်မြို့နယ်တွင် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတနာရှင်မြိတ်သူမြိတ်သားများအား ဖိတ်ကြားအပ်ပါသည်။

ပါဝင်လှူဒါန်းလိုသူများသည် အောက်ပါအမှုဆောင်များထံဆက်သွယ်နိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

၁။ ရန်ကုန်မြို့ မြိတ်အသင်း	ဖုန်း-၂၂၄၃၄၀
၂။ ဦးမြဘူး	ဖုန်း-၀၉-၅၀၁၀၃၄၁၊ ၂၂၂၄၉၁
၃။ ဦးတင်ဝမ်း	ဖုန်း-၂၉၃၅၃၅
၄။ ဦးအေးညိမ်း	ဖုန်း-၃၈၂၀၈၂

အမှုဆောင်အဖွဲ့၊
မြိတ်အသင်း၊ ရန်ကုန်မြို့။

ဆက်ကပ်လှူဒါန်း

မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းမိသားစုများ၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ပန်းဆိုးတန်းလမ်းရှိ ဘဏ်ခွဲ(၁)အပေါ်ထပ်သင်တန်းခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ် ဝါဆိုသင်္ကန်းကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းမိသားစုများ၏ နဝမကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် ပန်းဆိုးတန်းလမ်းရှိ ဘဏ်ခွဲ(၁) အပေါ်ထပ် သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းညိမ်းနှင့်ဇနီး၊ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ လက်ထောက် အထွေထွေ မန်နေဂျာများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရွှေဦးစွာ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း ဆုထူးပန် ပရိယတ္တိရွှေကျင်ကျောင်းတိုက်မှ ပဓာန နာယက ဆရာတော် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သလ္လာအရှင်ပဏ္ဍိတ အမှူးပြုသော ဆရာတော်များထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့်ဇနီးနှင့် မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၅၉)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၈

နိုင်ငံတကာ သတင်းဂျာနယ် အမှတ် ၄၅၉ကို ယနေ့(တနင်္လာနေ့) ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်း ဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြနေသော နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုရက်သတ္တပတ်ထုတ်တွင် အာရှကို ခြိမ်းခြောက်လာသော အိဒ်စ်ရောဂါ၊ ဂွါတီမာလာနိုင်ငံအကြောင်း သိကောင်းစရာ၊ အီရတ်သို့ လက်နက်များရောင်းရန် လှုပ်ရှားနေကြသည့် လက်နက်ကုန်သည်များ၊ သမားရိုးကျ မဟုတ်သော လက်နက်များရရန်ကြိုးပမ်းနေသော ဇာကာဝီ၊ နယ်သာလန်မှ တင်ပို့မည့် ပန်းမန်များ၊ ယာယီပိတ်ထားလိုက်ရသော အမေရိကန် အဏုမြူလျှို့ဝှက်ဓာတ်ခွဲခန်း၊ တောင်အာရှရေဘေး၊ လုပ်ကြံခံရသော ဖိုးဘီးစ်မဂ္ဂဇင်း အယ်ဒီတာ၊ အာဖရိက အနာဂတ်ရေပြဿနာ၊ စက်တင်ဘာ ၁၁ရက် အကြမ်းဖက် တိုက်ခိုက်မှုနောက်ပိုင်း ပြောင်းလဲလာသည့် အမေရိကန် နိုင်ငံခြားရေးမူဝါဒ၊ အီရတ်လက်နက်ကိစ္စ အမေရိကန် အထက်လွှတ်တော်ကော်မတီ အစီရင်ခံစာ၊ သမ္မတရာထူးကို မှန်းမျှော်ခြင်းမရှိပါဟုဆိုသူ မက္ကဆီကိုသမ္မတကတော်၊ ဝန်ကြီးချုပ်ရာရွှန်၏ညွန့်ပေါင်းဖွဲ့ရေးကြိုးပမ်းချက်၊ မီးသွေးဖြင့် ကင်ထားသော အသား စားသုံးမှုနှင့် ကင်ဆာရောဂါ၊ ဘော့စနီးယားမှ အီးဂဲလေတပ်စခန်း၊ လူ့ကိုယ်အတွင်း စိစစ်ရေး Chipsထည့်ကာ လုံခြုံရေး ဆောင်ရွက်ခြင်း စသည့် သတင်းနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ (ကြေးမုံ)

မြန်မာနယူးစ်ဝေဇက် အတွဲ(၁)၊ အမှတ်(၁၀)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၈

အယ်ဒီတာချုပ်ကိုကို (စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဝေဇက် ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၀)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်တွင် မြန်မာနှင့်တရုတ်တို့ စီးပွားရေးနှင့်နည်းပညာဆိုင်ရာသဘောတူညီချက် ၁၁ခု လက်မှတ်ရေးထိုး၊ ရန်ကုန်မြို့တွင် တစ်နာရီရေဂါလံတစ်သောင်းကျော် ထုတ်နိုင်သည့် မြေအောက်ရေ အရင်းအမြစ်များရှိနေ၊ ကွန်ပျူတာဆေးဗေဒပညာဖြင့် ရောဂါရှာဖွေစစ်ဆေးမှုခေတ်စား၊ မြန်မာပြည်သို့ အသည်းရောင် အသားဝါဘီပိုးကာကွယ်ဆေးများ ဘီလ်ဂိတ်ဖောင်ဒေးရှင်းမှလှူမည်၊ ပို့ကုန်သွင်းကုန်းလိုင်စင်များ သက်တမ်းလျှော့ချ၊ ဆိုနီတာဝါ ရန်ကုန်တွင် တည်ဆောက်မည်၊ ချင်းမိုင်တွင် ဖွင့်လှစ်မည့် ညဆာဖာရီအတွက် ဘတ်ငွေ သန်းငါးရာကျော်ဖိုးတိရစ္ဆာန်များဝယ်မည်၊ အိုပက်က ရေနံစိမ်းစည် ငါးသိန်းတိုးထုတ်ရန် ဆုံးဖြတ်၊ စင်ကာပူစီမံခန့်ခွဲရေးတက္ကသိုလ်သစ်ပထမအသုတ်ဘွဲ့ယူ၊ ထိုင်းဘုန်းတော်ကြီးကတိုင်းရင်းဆေးရည်ဖြင့် အိတ်ဒ်စ်ကုသပေးစသည့်ပြည်တွင်း ပြည်ပ စိတ်ဝင်စားဖွယ်ရာ သတင်းများ၊ နိုင်ငံတကာပညာရေး မိတ်ဆက်၊ နယ်စပ်နှင့် ကုန်စည်ဒိုင်ဈေးနှုန်းသတင်းများ၊ အားလပ်ရက်အပန်းဖြေ အညွှန်းများစသည်ဖြင့် ဝေဝေဆာဆာထည့်သွင်းဖော်ပြထားကာ e-Empire Media House ဖုန်း-၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ (က-ပ)

မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁၈

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တွင် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ၈၀ စင်တီမီတာနှစ်ပေခွဲခန့်၊ ၁၀၀ စင်တီမီတာ သုံးပေခန့်နှင့် ၃၀ စင်တီမီတာ တစ်ပေခန့်မြင့်တက်လာပြီး စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာ၊ ၁၁၅၀ စင်တီမီတာနှင့် ၁၀၄၀ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့၏ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာနှင့် ၁၁၅၀ စင်တီမီတာ အသီးသီးတို့၏ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည်ယနေ့ မွန်းတည့်မှ နောက် ၄၈နာရီအတွင်း မုံရွာမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၉) စံပြရပ်ကွက်တွင် ရပ်ကွက် သန့်ရှင်းသာယာ လှပရေးအတွက် အပိုင်းလိုက်ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များမြို့နယ် အနေးယာဉ်အသင်းသားများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ အမှတ် (၁၉) စံပြရပ်ကွက်ရှိ အမက(၃)မူလတန်းကျောင်းတွင် ကျောင်းပြင်သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ဇူလိုင် ၁၇ရက်က စုပေါင်းဆောင်ရွက်စဉ်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကလေးမြို့ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ပင်မဆောင်(အေ)နှင့် ခွဲစိတ်ဆောင်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး ဒေါက်တာမြဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဗိုလ်မှူးကြီးညီထွန်း၊ ကလေးခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

တွေ့ဆုံ အမှာစကား ပြောကြား

ဇူလိုင် ၁၅ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တမူးခရိုင် ခါမ်းပါတ်မြို့မှ ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အသစ်ဆောက် လုပ်ပြီးသော ပင်မဆောင်(အေ)နှင့် ခွဲစိတ်ဆောင်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းကျောက်စာ အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးတို့က ကလေးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးပင်မဆောင်(အေ)နှင့် ခွဲစိတ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ သည် ကမ္ပည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက် သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည် တော်များသည် ကလေးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ပထမ ထပ်ခွဲစိတ်ခန်းမကြီးအတွင်းရှိ ခွဲစိတ် ခန်း(၁)၊ ခွဲစိတ်ခန်း(၂)၊ ခွဲစိတ်ခန်း (၃)တို့၌ ခွဲစိတ်ခန်းသုံးပစ္စည်း ကိရိယာ များ တပ်ဆင်ထားရှိမှုကို ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ဆောင်နှင့် ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကာ အလှူငွေများ လက်ခံယူသည်။

ရှေးဦးစွာ ကလေးမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးခွဲစိတ်ဆောင်အတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် သုံးသိန်းကို အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ကလည်းကောင်း၊ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များ က ငွေကျပ် ၄၂ သိန်း ၁ သောင်းကို လည်းကောင်း၊ ဦးဝင်းမောင်(ကွယ်လွန်) အား ရည်စူး၍ ဇကေရီမိသားစုတို့က ငွေကျပ် ၁၉ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးတင်တိုး ဇနီး ဒေါ်ခင်ပြုံးမိသားစုက ငွေကျပ် ၁၃ သိန်း ၁ သောင်း ၂ ထောင်၊ ဦးမြို့ဖေ၊ ဦးဝင်းမြင့်နှင့်အဖွဲ့က ငွေကျပ် ၁၂ သိန်း၊ ဦးအောင်ခင် ဇနီးဒေါ်ခင်စောနွဲ့ မိသားစု က ငွေကျပ် ၈ သိန်း ၈ သောင်း၊ ဦးလှမောင်နှင့်အဖွဲ့က ငွေကျပ် ၇ သိန်း၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ် ၃ သိန်း ၉ သောင်း ၅ ထောင်၊ ကလေး တပ်နယ်မှ ငွေကျပ် ၃ သိန်း ၆ သောင်း၊ (Ranbusy Co)က ငွေကျပ် ၃ သိန်းနှင့် ငွေကျပ် ၂ သိန်းနှင့် ၂ သိန်းအထက် အလှူရှင်များကိုယ်စား ဦးမျိုးဝင်းဇော် (ဆေးကုမ္ပဏီ)က လည်းကောင်း၊ ငွေကျပ် ၁ သိန်းနှင့် ၁ သိန်းအထက် အလှူရှင်များကိုယ်စား ဒေါ်ဝိုင်းက လည်းကောင်း အသီးသီးပေးအပ် လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဒေါက်တာမြဦး၊ ကလေး တပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး တို့က လက်ခံရယူကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။

ဆက်လက်၍ ဇီဝိတဒါန သံဃာ့ ဆေးရုံ ဆောက်လုပ်ရန်အတွက် အလှူ ငွေများပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မိသားစုက ငွေကျပ် ၁၅ သိန်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက ငွေကျပ် နှစ်သိန်း၊ ကလေး တပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး မိသားစုက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အလှူငွေ များ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၁၀ သိန်း၊ ကလေး မြို့ပေါ်ရှိ ဆရာတော်ကြီးများက လှူဒါန်း ငွေကျပ် ၂၁၇၅၃၃၅၆၊ ဦးလှမောင်၊ ဒေါ်သက်သက်ရှိန်မိသားစုက ငွေကျပ် ၁ သိန်း၊ ဦးဟရန်းဗဟာဒူး၊ ဇနီး ဒေါ်နန်းနီမိသားစုက ငွေကျပ် ၁ သိန်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက ငွေကျပ် ၂၉၁၈၅၇၄၊ ကလေးမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများက ငွေကျပ် ၅၁၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဒုတိယဝန်ကြီးနှင့် ကလေးတပ်နယ်မှူး တို့က လက်ခံရယူကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင် ဥပုသ်ချောင်းတစ်ဖက်ကမ်း၌ ခြောက်ခန်းတွဲ နှစ်ထပ်သူနာပြုဆောင်နှင့် လေးခန်းတွဲ နှစ်ထပ်ဆရာဝန်ဆောင် တည်ဆောက်နေမှုနှင့် အများပြည်သူ လှူဒါန်းသောသံဃာဆောင် ဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေး ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ကလေးမြို့ မှ ကလေး-ကျီကုန်း-အင်ဒိုင်း-စခန်း ကြီး-ကန်လေး ကားလမ်းတစ်လျှောက် လမ်း၊ တံတားများအခြေအနေကို ဖြတ်သန်းကြည့်ရှုပြီး ဆက်လက် ထွက်ခွာခဲ့ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးမြို့ ကန်ကြီးကျေးရွာ အုပ်စု ကန်သာယာကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး နှင့်ဇနီး ဒေါ်ဝေဝေခိုင်မိသားစုတို့မှ ဆောက်လုပ်လှူဒါန်းသော သာသန ဝေပုလ္လ(အေးပါစေ) ကျောင်းတော်သစ် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်း အနားသို့ တက်ရောက်ကြည်ညိုပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးဇနီး ဒေါ်ဝေဝေခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တပ်မတော်အရာရှိများက လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကံသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ထုလုပ် ကိုးကွယ်မည့် ရေဆန်ကျွန်း မြတ်ဗုဒ္ဓရုပ် ပွားတော်ထုလုပ်ရန်နှင့် ဂန္ဓကုဋိတိုက် တည်ဆောက်ရန် အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့်မိသားစုက ငွေကျပ် သုံးသိန်း၊ စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သုံးသိန်း၊ အနောက်မြောက် တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်များက ငွေကျပ် နှစ်သိန်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် မိသားစုက ငွေကျပ် တစ်သိန်း၊ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင် မိသားစု တို့က ငွေကျပ် တစ်သိန်း၊ ကလေး တပ်နယ် ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဇနီး ဒေါ်ထားအိလှိုင်မိသားစုက ငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်း ကြရာ ကလေးခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်မိုးမြင့်က လက်ခံရယူ သည်။

ဆက်လက်၍ ကလေးခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့် က ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ လှူဒါန်းငွေကျပ် ငါးသိန်းကို ခရိုင် အုပ်ချုပ်ရေးမှူး ဦးငွေထွန်းဦးထံ ပေးအပ် လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် တမူးမြို့နယ်၊ ခါမ်းပါတ်မြို့ သို့ရောက်ရှိ ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခါမ်းပါတ်မြို့မှဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ဆက်လက်၍ ခါမ်းပါတ်မြို့မှ ဌာန ဆိုင်ရာတာဝန်ရှိသူများမှ ဌာနဆိုင်ရာ အလိုက် ရုံးအဆောက်အအုံတည်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် လိုအပ်ချက် များကို သက်ဆိုင်ရာဌာနအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များ ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ကာ ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် တမူးခရိုင်၊ခါမ်းပါတ်မြို့သည် ကလေး-တမူးကားလမ်းပေါ်၌ တည်ရှိသော မြို့ တစ်မြို့ဖြစ်သည့်အတွက် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သော မြို့ တစ်မြို့ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ သည် တစ်နိုင်ငံလုံး အကြားအလပ်မရှိ စေရန်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်း ၃ ခု ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို ချမှတ် ဆောင်ရွက်နေခြင်းတို့ကြောင့် ယခုအခါ အရှိန်အဟုန်ရနေပြီ ဖြစ်ကြောင်း၊ ခါမ်းပါတ်မြို့သည် အချက် အချာကျသည့် မြို့တစ်မြို့ဖြစ်သည့် အတွက် ယခုအခါ အုပ်ချုပ်ရေးနှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ခံများ ဖြင့် တိုးချဲ့ဖွဲ့စည်းရန်၊ ဒေသဖွံ့ဖြိုးရေး ကိုပီပီပြင်ပြင် ပိုင်ပိုင်နိုင်နိုင် လျင်လျင် မြန်မြန်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပေးခဲ့ ခြင်းဖြစ်ကြောင်း၊ ခါမ်းပါတ်မြို့မှာရှိကြ သည့် ဝန်ထမ်းများအနေဖြင့် မိမိတာဝန် ကျရာ ဒေသဖွံ့ဖြိုးရေးကို မိမိဇာတိ သဖွယ်သဘောထားပြီး ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တာဝန်ယူလုပ်ကိုင် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ မြို့နယ်၏ လက်ရှိလုပ်ကိုင် နေသည့်လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ် ပြီး ပြုပြင်ရန်အပိုင်းတို့ကိုပြုပြင်ဆောင်ရွက် ကြရမှာဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက် ကြရာတွင် ခရိုင်နှင့်မြို့နယ်တို့က အမြဲ မပြတ်ကြပ်မတ်၍ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားသွား သည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က ခါမ်းပါတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက်ကွန်ပျူတာ တစ်လုံးနှင့် ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းများကိုလည်းကောင်း၊ စစ်ကိုင်း တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ် သာအေးက ဗလာစာအုပ် ဒါဇင် ၄၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းကြည် က လက်ခံရယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် အဖွဲ့သည် ခါမ်းပါတ်မြို့ ပြည်သူ့ဆေးရုံ အတွင်းရှိ အမျိုးသားလူနာဆောင်၌ တက်ရောက် ဆေးဝါးကုသနေသော လူနာများအား တွေ့ဆုံကာအားပေး စကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဝန်ကြီးဌာန၏ ရည်မှန်းချက် နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသ အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက် ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့သည် ခါမ်းပါတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး Computer ခန်း၊ Language Lab တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည် က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ သောက်သုံး ရေရရှိရေးအတွက် အဝီစိတွင်း တူးဖော် ရန်နှင့် ရေကန်တည်ဆောက်ရန် အလှူ ငွေကျပ်သုံးသိန်းကို လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကျီကုန်းတပ်နယ်သို့ ရောက်ရှိကြပြီး ကျီကုန်းတပ်နယ်မှ အရာရှိစစ်သည်များ၊ မိသားစုဝင်များ အား တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူ ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက် ကြပြီး မိသားစုဝင်ငွေတိုးတက်ရရှိစေရန် ဆောင်ရွက်ကြရေးနှင့် ကုန်ထုတ်လုပ် ငန်းများ တပိုင်တနိုင်ဆောင်ရွက်ကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ်များ ဖြင့် ကျီကုန်းတပ်နယ်မှ ပြန်လည် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ကလေးမြို့သို့ ပြန်လည်ရောက်ရှိ ကြသည်။ (သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ဘောလခဲ ဇူလိုင် ၂

ကယားပြည်နယ် ဘောလခဲမြို့နယ် မိုင်းထမ်းကျေးရွာ ကျေးရွာဖွံ့ဖြိုးပညာတိုး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက စာကြည့်တိုက် အဆောက်အအုံရှေ့ ကွင်းပြင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးဇေကြူနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရှင်လေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ပြသထားသည့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းကို ကျေးရွာပြည်သူများ စိတ်ဝင်တစား ကြည့်ရှုကြသည်။ **(ခရိုင်ပြန်/ဆက်)**

ကြေးမုံ The Mirror မြို့နယ်သတင်းများ

မိုးကုတ်ဝိပဿနာ (၅၆)ကြိမ်မြောက် တရားစခန်းပွဲ

ဇလွန် ဇူလိုင် ၁၂

ဧရာဝတီတိုင်း ဇလွန်မြို့ မြို့သစ်ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၉၆) ဓမ္မရိပ်သာတွင် ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ တစ်လ တရားစခန်းပွဲ၌ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဓမ္မကထိက ဦးပုညာနန္ဒ (၉)ရပ်ကွက် သာကေတ၊ ဦးကောသလ္လ သန်လျင်ဆရာတော်၊ မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးကျော်စိန်နှင့် ဦးအေးဖေ (မြောက်ဒဂုံ) တို့က သင်ကြားပြသပေးကြမည်ဖြစ်သည်။

ဆက်သွယ်နိုင်

တစ်လပြည့်ပြီး ဆက်လက်အားထုတ်နေလိုသော ယောဂီများကို အဖွဲ့မှ လက်ခံပေးမည်ဖြစ်၍ တရားဝင်လိုသော ယောဂီများ အထက်ပါရိပ်သာတွင်လည်းကောင်း၊ ဆရာကြီးဦးကျော်စိန်၊ အိမ်အမှတ်-၅၁/ဘီ၊ ကိုယ့်မင်းကိုယ်ချင်းလမ်း ဗဟန်း ရန်ကုန် ဖုန်း-၅၅၄၄၃၅ နှင့် ဦးအေးဖေ၊ ဖုန်း-၅၈၄၈၆၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကော်ဖီစိုက်ပျိုးနေသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ပြင်ဦးလွင်မြို့နယ်တွင် ကော်ဖီစိုက်ပျိုးနေသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက်တွင် ပြင်ဦးလွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပွေးတောင်ကော်ဖီ သုတေသနဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေ၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးသောင်းညွန့်၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးဇော်ညွန့်၊ ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်၊ ပြင်ဦးလွင် ကော်ဖီဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ပို့ကုန်ကောက်ပဲသီးနှံများအပြင် အခြား ပို့ကုန်အမယ်သစ်များ စိုက်ပျိုးထုတ်လုပ်ကြရန် နိုင်ငံတော်က အားပေးကူညီလျက်ရှိရာ ကော်ဖီလည်း အပါအဝင်ဖြစ်သဖြင့် နိုင်ငံတော်အကြီးအကဲက ပြင်ဦးလွင်ဒေသ၌ ကော်ဖီဧက ငါးသောင်းနှင့် နောင်ချိုဒေသ၌ ဧကငါးသောင်း ငါးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးသွားကြရန် လမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် သတ်မှတ်ထားသော ကာလအတွင်း စိုက်ပျိုးသွားကြရန်နှင့် တောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသော တာပွန်ကျေးရွာရှိ ကျေးလက်အိမ်ရာ တည်ဆောက်ပြီးစီးမှုကို ဇူလိုင် ၉ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် အဖွဲ့က ကြည့်ရှုစစ်ဆေးကြစဉ်။

(က-ပ)

နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်း... ရန်ကုန်တောင်ပိုင်းခရိုင် ကွဲဒလင်းကျေးရွာတွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇွန် ၂၁ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစိုးမြင့်က နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(ရဖ)

သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မော်လမြိုင်ကျွန်း ဇွန် ၂၉

မော်လမြိုင်ကျွန်းမြို့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက တောရကျောင်းဘုန်းတော်ကြီး ကျောင်းဝင်း၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်အေးအေးယုနှင့် ကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့မရပ်ကွက်ပေါင်းစုံမှ ပြည်သူများက သစ်ဆိမ့်ပင်၊ ကျွန်းပင်၊ ပျဉ်းကတိုးပင်နှင့် မဟော်ဂနီပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်မျိုးစုံ ၅၀၀၀

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အဖြစ် ဇွန် ၂၈ ရက်က မြို့နယ်လုံးကျွတ် သစ်ပင်မျိုးစုံ ၅၀၀၀ တို့အား မြို့နယ်အတွင်း တစ်ပြိုင်တည်း စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(၃၆၄)

မြန်မာအမျိုးသမီးများနေ့အကြောင်း ဟောပြော စုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေကျင် ဇူလိုင် ၅

၂၀၀၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရွှေကျင်မြို့နယ်တွင် ဇူလိုင် ၃ ရက် နံနက် ၇ နာရီက အထက ပညာရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ၂၀၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး စုစုပေါင်း ၄၀၀ ဦး တက်ရောက်ကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် စိန်ပန်း၊ စွယ်တော်၊ စိန်တံချူနှင့် ကြေးနီပန်းအလှပင် ၁၀၀ ပင်၊ ကျွန်းပင် ၂၀ ပင်၊ စုစုပေါင်းအပင် ၁၂၀ စုပေါင်းစိုက်ပျိုးကြသည်။ ဆက်လက်၍ အမျိုးသမီးများနေ့ အခမ်းအနား ကျင်းပရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ယင်းနောက် မြန်မာအမျိုးသမီးများနေ့ ဟောပြောပွဲ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လေးခင်စန်းက အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများ၊ မြို့နယ်ခုတင် ၁၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက အမျိုးသမီးများနှင့် ပညာရေးအကြောင်းကို ဟောပြောကြသည်။ **(က-ပ)**

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြစိုးနှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စစ်တွေမြို့ ကုန်သည်လမ်း ကတ္တရာထပ်ပိုးလွှာခင်းမှုကို မေ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဆွေအေးက ရှင်းလင်းပြသစဉ်။

(မြို့နယ်/စည်ပင်)

ယာဉ်/လမ်း စည်းကမ်း သင်တန်းဖွင့်

သိမ်ဇရပ် ဇူလိုင် ၁၂

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံ၌ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း၊ကြံ့ခိုင် ထိန်းသိမ်းရေးသင်တန်း (၁/၂၀၀၄) ဖွင့်ပွဲကို ဇူလိုင် ၅ ရက် ညနေ ၃ နာရီက စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ရုံမှူး ဗိုလ်မှူးပိုက်ထွေးက အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဌာနကြီးမှူးများ၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

(၃၄၅)

မြန်မာအမျိုးသမီးများနေ့ ကျင်းပ ထူးချွန်ထက်မြက် အမျိုးသမီးများ ဆုချီးမြှင့်

ဒေးဒရဲ ဇူလိုင် ၁၀

ဖျာပုံခရိုင် ဒေးဒရဲမြို့ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်အေးက ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများအကြောင်းကိုလည်းကောင်း၊ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းယုမေက ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဖွဲ့ဝင် ဒေါ်အေးအေးသီက အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေး၊ စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။ ဆက်လက်၍ ထူးချွန်ထက်မြက်သူအမျိုးသမီးငယ် ငါးဦးအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။ **(မြို့နယ်ပြန်/ဆက်)**

ပေးအပ်

ဇွန် ၂၄ ရက်က နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က တစ်ဦးချင်း ပေးအပ်စဉ်။ (က-ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဏ္ဍာသယလမ်း၊ အမှတ်(၇၈)နေ ဦးသန်းထွန်း-ဒေါ်တင်အေးထွန်းတို့၏သား

မောင်သက်လင်းထွန်း LL.B G.T.I (Electronic)

နှင့်

ဇေရာဝတီတိုင်း၊ မြန်အောင်မြို့၊ ညဈေးလမ်း၊ အမှတ်(၇၈)နေ ဦးဇော်ကြီး-ဒေါ်ခင်ဝင်းတို့၏သမီး

မဖင်မာဇော် (LL.B)

တို့သည် ၂၇-၆-၂၀၀၄ရက်တွင် နှစ်ဖက်မိဘများ၏သဘောတူညီမှုဖြင့် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်သက်လင်းထွန်း-မဖင်မာဇော်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇေယျာဝတီလမ်း၊ အမှတ်(၄၂)နေ ဦးဒေါ်ကျော် (M.T.M Shipping Management Pte.,Ltd.)-ဒေါ်ခင်ဆွေမြင့်တို့၏သားကြီး

မောင်အောင်မိုးကျော်

(M.T.M Shipping Management Pte.,Ltd.) နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၅၅)နေ ဦးဘိုနီ-ဒေါ်အေးမြင့်တို့၏သမီးဦး

မအိအိခိုင် (Final Year Eco)

တို့သည် ၁၈-၇-၂၀၀၄(တနင်္ဂနွေ)နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်မိုးကျော်-မအိအိခိုင်။

၂၁နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးဝင်းဦး-ချစ်မေမေ ဒေါ်တင်တင်မော်တို့၏ ၁၉-၇-၂၀၀၄(အာဇာနည်နေ့)တွင်ကျရောက်သည့် (၂၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင်သို့ ချစ်သောသားများနှင့်အတူ နှစ်ပေါင်း(၁၂၀)တိုင် မိသားစုအကျိုးကို ဆတက်ထမ်းပိုး ပျော်ရွှင်ချမ်းမြေ့စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်---။

ချစ်သားကြီး-မောင်မောင်ဦး
ချစ်သားလတ်-မောင်အောင်သူ
ချစ်သားငယ်-မောင်ကျော်ဖြိုးအောင်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၁၈-၇-၂၀၀၄ (တနင်္ဂနွေ) နေ့ IBCတွင် ကျင်းပသော မင်္ဂလာညစာစားပွဲနှင့် ရွှေရှမ်းကန်တွင် ကျင်းပသော မင်္ဂလာဦးညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆရာသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေချစ်သူငယ်ချင်းများကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းမင်းမြတ်သင်း(Tour Guide)-မဖြူသွယ်မြင့် (ILBC)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

1. Manager (Administration/Sales& Marketing) ကျား/မ (၃)ဦး
2. Supervisor (Sales & Marketing) ကျား/မ (၂)ဦး
3. Chief Accountant မ (၁)ဦး
4. Assistant Accountant မ (၂)ဦး
5. Office Staff မ (၂)ဦး
6. Sales& Marketing Staff ကျား/မ (၅)ဦး
(လူသုံးကုန်ပစ္စည်း+ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း)
7. Driver ကျား (၃)ဦး

အမှတ်စဉ်(၁)၊ (၂)၊ (၃)နှင့် (၄) အတွက် ဘွဲ့ရဖြစ်ရမည်။
အမှတ်စဉ်(၃)အတွက် B.Com/CPA နှင့်
အမှတ်စဉ်(၄)အတွက် LCCI Level III ဖြစ်ရမည်။
အမှတ်စဉ်(၅)၊(၆)နှင့် (၇)အတွက်မိမိထမ်းဆောင်ရမည့်လုပ်ငန်း တာဝန်အား ရိုးသားတက်ကြွစွာ ထမ်းဆောင်နိုင်သူဖြစ်ရမည်။
အမှတ်စဉ်အားလုံးအတွက် သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်အထက်ရှိရမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်(မိတ္တူ)၊ ဓာတ်ပုံ(၂)ပုံ၊ အိမ်ထောင်စုစာရင်း(မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းထောက်ခံစာ(မိတ္တူ)၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်၊ အခြားတင်ပြလိုသော စာရွက်စာတမ်းများနှင့်အတူ ရန်ကုန်စာတိုက်ကြီး၊ စာတိုက်သေတ္တာအမှတ်(၇၃၅)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

MCC STANDARD Computer Centre

☑Basic Windows Course
☑D.T.P Course, Graphic Design Course
☑Web Design Course, E-mail & Internet Course
☑Computerized Accounting, Programming, A+ Hardware Courses
☑LCCI (Level I & II)
☑English (4 skills) Course
☎ 578673, 09-80-23756

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ်-၆၇၊ မြေညီထပ်တွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော Sumo Industrial Trading Limited သည် အောက်ပါကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

IV-၃၈၆/၂၀၀၄ IV-၃၈၇/၂၀၀၄

SUMO Industrial Trading Limitedသည် 'PUNTO' 'MASPION' စသည့် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို အသုံးပြု၍ လျှပ်စစ်မီးချောင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို အရောင်းကိုယ်စားလှယ် City Mate General Trading Co.,Ltd.မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းနှင့် လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

အရောင်းကိုယ်စားလှယ်	**လွှဲအပ်ညွှန်ကြားချက်အရ**
City Mate General Trading Co.,Ltd.	**ဦးအီနစ် (တရားရုံးချုပ်ရှေ့နေ)**
	Ye Noos & Associates (Law Firm)
အမှတ်(၁၈၀)၊ ၃၅ လမ်း၊	**အမှတ်-၃၀(ပထမထပ်)၊ ၄၄ လမ်း၊ ရန်ကုန်မြို့။**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	**ဖုန်း(၀၁)၂၉၆၁၃၂၊ ၂၉၅၅၄၁**
ဖုန်း-၀၁-၂၄၃၈၁၃၊ ၂၄၃၈၁၆။	

မင်းသိခ်

မိုက်ခဲကျော်ပွင့်

ထုတ်လုပ်မှုကုန်စည်နှင့်ပတ်သက်၍ သတိပေးကြေညာခြင်း

Lico Foodstuff Co., Ltd. သည် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ အခြေစိုက်တည်ထောင်၍ ကုန်စည်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ရီစစ္စတြီပြုလုပ်ပြီး Australia နိုင်ငံမှ ကုန်ကြမ်းများဖြင့် ပြုလုပ်လျက် ကျန်းမာရေးဦးစီးဌာနမှ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက် လက်မှတ်ကိုရယူလျက် အောက်ဖော်ပြပါ ကုန်စည်တံဆိပ် နို့မှုန့်(၂)မျိုးကို မြန်မာပြည်တစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။

Reg:No.4394/96



Reg:No.2609/00

ထိုသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းသော နို့မှုန့်ကုန်စည်အရည်အသွေးနှင့် ကုန်စည်တံဆိပ်တို့ကို အတုအပပြုခြင်း၊ ဆင်တူယိုးမှားပြုခြင်း၊ မူပိုင်ရှင်ခွင့်မပြုဘဲ သုံးစွဲခြင်း၊ မူပိုင်ရှင်ကို နစ်နာအောင် ပြောဆိုပြုမူလုပ်ကိုင်ခြင်းများကို မပြုလုပ်မိကြစေရန် အထူးသတိပေးပါသည်။ သို့ပါလျက်မှ ပြုမူပြောဆိုလုပ်ကိုင်ကြသည်ရှိသော် ထိုသူတို့ကို သက်ဆိုင်ရာ တရားဥပဒေကြောင်းများအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်း။

Lico Foodstuff Co., Ltd.၏ ညွှန်ကြားချက်ဖြင့်
ဦးသန်းအောင် ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့ရ
တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် (၁၃၆၇)
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

MAA

LCCI

Accounting

LCCI Level I , II , III

- 100% Guarantee pass
- Don't pass don't pay scheme
- With latest study material, dynamic teaching method
- Convenient venue (upper shwebontha street)
- Mordern classrooms, facilities & others

10% OFF

STARTING DATE 25 JULY 2004

ပြည်ထောင်စုမြန်မာနိုင်ငံခရီးသွားရေးဦးပိုင်လီမိတက်

UVE HOLDINGS

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှ ရန်ကုန် ⇔ဘားအံ၊ ရန်ကုန် ⇔တောင်ကုတ်ဒေသများသို့ ကုန်စည်များအား ဈေးနှုန်းသက်သာစွာဖြင့် လိုရာဌာနသို့အရောက် ပို့ဆောင်ပေးနေပါပြီ။

ဆက်သွယ်ရန်ဖုန်း - ၆၄၀၇၈၈/၆၄၀၇၇၈
၇၂၆၆၃၄ (R)
၉၀ ၅၀ ၁၁၆၅၆

ဗန္ဓုလ (ကုန်စည်)
သီရိမင်္ဂလာလမ်း၊ အင်းစိန်။

ချော်ရည်နှင့်ယိုမျိုးစုံ သင်တန်း

(22-7-2004) မှ (28-7-2004)

Energy Drink

01-690264, 662129

TOP 243363 705877

အသစ်ဖန်တီးမှုများဖြင့်

ညှပ်၊ လျှော် ကောင်းသော နေရာတစ်ခုကို ညွှန်ပြပါရစေ

"ကော့မိုင်" Beauty Salon (Open Daily)

တိုက်-၄/၂၀၇၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံ၊

ဖုန်း-၂၂၉၃၆၃၊ ၂၂၆၈၅၅(၁၈၂)။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးဘသောင်း၏သမီး မခင်သန်းဝင်း [ထလန(နိုင်)၀၂၆၈၃၅]အား မသန်းသန်းဝင်း(ခ)မခင်သန်းဝင်းဟု ဖြည့်စွက်ခေါ်ပါရန်။

ထားဝယ်မြို့နယ်တွင် မြေကွက်ရရှိထားသူများ သိရှိစေရန် ကြေညာချက်

၁။ ထားဝယ်မြို့၊ မြို့တိုးချဲ့ရေးအတွက် မြောင်းပုလဲရပ်ကွက်၊ ဆိပ်ကမ်းသာလမ်းနှင့် မြို့သစ်(ဆန်းချီရပ်၊ ဝဲကျွန်းထိန်သစ်ရပ်၊ ဆင်ဆိပ်ရပ်)များကို ထားဝယ်ခရိုင်မြို့တိုးချဲ့ရေးလုပ်ငန်းအဖွဲ့မှ မြေယာကွက်သစ်များ ဖော်ထုတ်၍ မြေနေရာများချထားပေးခဲ့ပါသည်။ မြေကွက်ရရှိသူများအနက် အချို့မှာ မြေဂရန်ထုတ်ယူပြီး အချို့မှာ မြေဂရန်ထုတ်ယူမှုမရှိသေးခြင်း၊ အချို့မှာကျသင့်မြေခွန်ထမ်းဆောင်သော်လည်း အချို့မှာထမ်းဆောင်မှုမရှိခြင်း၊ အချို့မှာ နေအိမ်ဆောက်လုပ်နေထိုင်သော်လည်း၊ အချို့မှာ နေအိမ်ဆောက်လုပ်နေထိုင်မှုမရှိသေးခြင်းများရှိနေကြောင်း စိစစ်သိရှိရပါသည်။ မြို့များတိုးချဲ့စဉ်က စည်ကားသိုက်မြိုက်လာစေရန်ရည်ရွယ်၍ တည်ထောင်ထားခြင်းဖြစ်သော်လည်း အထက်ဖော်ပြပါအချက်များကြောင့် စည်ကားသိုက်မြိုက်မှု နှောင့်နှေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ မြေကွက်ရရှိသူများအနေဖြင့် ယခုသတင်းစာပါသည့်နေ့ရက်မှ ရက်ပေါင်း (၃၀)အတွင်း မြို့တိုးချဲ့ရေးလုပ်ငန်းအဖွဲ့၊ ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဆက်သွယ်၍နေအိမ်ဆောက်လုပ်မည့် အခြေအနေကို အသိပေးရန်ဖြစ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း မဆက်သွယ်ပါက ယင်းမြေကွက်များအား စာရင်းမှပယ်ဖျက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့တိုးချဲ့ရေးလုပ်ငန်းအဖွဲ့
ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ထားဝယ်မြို့။

ဦးကြာဝါး (၈၈)နှစ်
(ပခုက္ကူမြို့)

ပခုက္ကူမြို့၊ အမှတ်(၉)ရပ်ကွက်နေ ဒေါ်ခင်စော၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဖုန်းလွင်-ဒေါ်ခင်မျိုးနိုင်၊ ဦးအောင်ဇော်-ဒေါ်ခင်မိုးနိုင်တို့၏ဖခင်၊ မောင်စိုးမင်းဦး-မအေးအေးလွင်၊ မောင်သန့်ဇင်ထွန်း၊ မောင်သက်ခိုင်ဦး၊ မောင်ကျော်သူရ၊ မနန်းဥမ္မာတို့၏အဘိုး၊ မောင်မြတ်ခိုင်စိုး၏ ဘိုးဘိုးကြီး၊ ရန်ကုန်မြို့နေ ဦးသာထွန်း၏ ယောက္ခ၊ ပခုက္ကူမြို့နေ (ဦးအင်းယား)-ဒေါ်စိန်လှတို့၏ ဦးလေး၊ ကိုရန်ပိုင်-မခင်မာချို၊ (ကိုစိုးညွန့်)-မတင်မိုးသက်၊ ကိုတိုးငွေ-မကြင်မြင့်တို့၏အဘိုးသည် (၁၆-၇-၂၀၀၄)(သောကြာနေ့)နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၅နာရီတွင် ပခုက္ကူမြို့ သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးစိုးဝင်း
အသက်(၅၄)နှစ်
BS.c(Phy) H.G.P

ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၁၂)
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန(ငြိမ်း)
(အေးလိုက်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ်(၂၄)နေ ဒေါ်မြင့်မြင့်အေး၏ခင်ပွန်း၊ ကိုစိုးမြင့်ဝင်း၊ မကြည်ပြာလှိုင်-ကိုချစ်ကိုကိုတို့၏ဖခင် ဦးစိုးဝင်းသည် ၁၃-၇-၂၀၀၄ရက် နံနက်တွင် အထက်ပါနေအိမ်၌ အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးမွတ်စလင် ဥယျာဉ်တော်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
အများသိသာရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ မြို့တော်နေသူများမှ မြေငှားဂရန် ထုတ်ပေးရန် လျှောက်ထားခြင်း၊ မြေအမည်ပြောင်းခွင့်လျှောက်ထားခြင်း၊ မြေပုံမြေ ရာဇဝင်ကူးယူခွင့်လျှောက်ထားခြင်းစသည့် မြေစီမံခန့်ခွဲမှုလုပ်ငန်း ကိစ္စအဝဝကို အစဉ်ပြေချောမွေ့စေရန်အတွက် ဤဌာနမှ အထူးအလေးထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၂၀-၃-၂၀၀၄ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းသို့လျှောက်ထားရာတွင် အချို့သော လျှောက်ထားသူများသည် ဌာနသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ဆောင်ရွက်ခြင်းမရှိဘဲ အကျိုးဆောင်(ပွဲစား)များဖြင့် လုပ်ငန်းအပ်နှံ၍ ဆောင်ရွက်နေသည့်အတွက် မလိုလားအပ်သည့် ငွေကြေးကုန်ကျမှုများ ပေးအပ်နေရကြောင်း ကြားသိရပါသည်။

၃။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနအနေဖြင့် မြို့တော်နေပြည်သူများမှ မြေငှားဂရန်လျှောက်ထားခြင်း၊ မြေအမည်ပြောင်းခွင့်လျှောက်ထားခြင်းနှင့် မြေပုံမြေရာဇဝင်ကူးယူခွင့်လျှောက်ထားခြင်းစသည့်ကိစ္စများအတွက်သတ်မှတ်ဝန်ဆောင်ခနှုန်းများမှအပ အခြားမည်သည့်ငွေကြေးတစ်စုံတစ်ရာကိုမျှ ပေးရန်မလိုဘဲ အဆင်ပြေချောမွေ့အောင်စဉ်ဆက်မပြတ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ မြို့တော်နေပြည်သူများအနေဖြင့် မြေငှားဂရန်ထုတ်ပေးရန်လျှောက်ထားခြင်း၊ မြေအမည်ပြောင်းခွင့်လျှောက်ထားခြင်းနှင့် မြေပုံမြေရာဇဝင်လျှောက်ထားခြင်းတို့ကို ကိုယ်တိုင်ကိုယ်ကျဖြစ်စေ၊ ဥပဒေအရလွှဲအပ်ထားသည့် ကိုယ်စားလှယ်ပါဝါရရှိသူကဖြစ်စေ ဤဌာနသို့ လာရောက်၍ ဆက်သွယ်နိုင်ပါကြောင်းအများပြည်သူများသိသာပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

ရက်စွဲ၊ ၁၆-၇-၂၀၀၄

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ဦးညိုကြည် (မြောင်းမြ)
အသက်(၇၆)နှစ်
စာရင်းစစ်အရာရှိ (R.A)

တိုက်(၁၁)၊ အခန်း(၁၀)၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်နေ (ဦးဘအေး-ဒေါ်သိန်းမေ) တို့၏သား၊ (ဒေါက်တာ ဦးတင်-ဒေါ်ခင်စော)တို့၏သားသမက်၊ ဒေါ်ခင်မူတင် (လဝက၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဘမြင့်၊ ဒေါ်ငြိမ်းရည်တို့၏ညီ၊ မောင်၊ (ဦးမောင်မောင်)၊ ဒေါ်ပြုံးရည်၊ ဒေါ်အေးနွဲ့တို့၏အစ်ကို၊ ကိုတင့်အောင်ကြည် (ထောင်မှူး၊ ငြိမ်း)-ဒေါ်အေးအေးခိုင်(ခိုင်လက်ဖက် အကြော်စုံ၊ မုန့်မျိုးစုံလုပ်ငန်း၊ ပုသိမ်)၊ ဒေါ်သီတာကြည် (လသာ၊ လဝက)၊ ဒေါက်တာနီလာကြည် (ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ဝင်းဝင်းကြည် (အလက-၄၊ မရမ်းကုန်း)၊ ဒေါ်နေဝင်းကြည် (မစဘ၊ ဘဏ်ခွဲ-၅)၊ ဒေါ်စန္ဒာကြည်(ဆေးသုတေသန) တို့၏ဖခင်၊ ခိုင်ဆုလဲ့ရည်၊ မယုမြတ်မွန်၊ မောင်အောင်ဆက်ပိုင်တို့၏အဘိုးသည်၁၄-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၀၄နေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူ ဖခင်ကြီး ဦးညိုကြည်(R.A)စာရင်းစစ်အရာရှိ(မြောင်းမြ)၏ ဈာပနကိစ္စတွင် အဘက်ဘက်မှပိုင်းဝန်းကူညီအားပေးစကား ပြောကြားခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းအေး
အသက်(၅၄)နှစ်

တိုက်ကြီးမြို့နယ်၊ တော်လတီကျေးရွာနေ (ဦးသန်းမောင်-ဒေါ်တိုး)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ ရွှေပေါက်ကံမြို့၊ (၁၅)ရပ်ကွက်၊ အမှတ်(၅၀၆)၊ ပုလဲငွေရောင်လမ်းနေ ဦးသက်ပြင်း၏ဇနီး၊ တပ်ကြပ်ကြီးဌေးလင်း၊ မစန္ဒာဦး၊ မတင်တင်အေး(NiBBAN)တို့၏ မွေးမိခင်၊ မောင်ဝေယံလင်း(အထက(၆) ရွှေပေါက်ကံ)၊ မနှင်းဝေလင်း၊ (အထက(၂)၊လားရှိုး)တို့၏ အဘွားသည် ၁၆-၇-၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်ပါ၍ ၂၀-၇-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၄၅။

JOB OPPORTUNITIES

(For Local Service-Attractive Salary in Kyat)

We are Fast Moving Advertising and Marketing Company Announce the job vacancies to Submit the application of the Following jobs.

Marketing Staff

(1)Male	10 Persons
(2)Female	10 Persons

Required Qualifications and Specifications above Post

(1)Appearance	-Attractive Personality
(2)Education	-Any Graduate
(3)Age	-Between 23 to 27 years
(4)Experience	-3 years in Marketing Fields
(5)Language	-Fluency in Spoken English is more Preferable.
(6)Travelling	-Able to travel other towns and districts
(7)Height	-For Boys 5'-8" Above and For Girls 5'-4" Above

Applicants must submit the applications direct to the General Manager, Youth Force Marketing Company, No-134, Sule Pagoda Road, Kyauktada Township, Yangon within 10 days from this vacancy announcement together with C.V., a very recently of applicant passport size 2 photos, photo copies of last 2 months, township labour cards and township police station recommendation and photocopies of educational qualification.

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးစိုးဝင်း
အသက်(၅၄)နှစ်
BS.c(Phy) H.G.P

ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၁၂)
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန(ငြိမ်း)
(အေးလိုက်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၄၃)နေ (ဦးဖေတင်-ဒေါ်သန်းမြင့်)တို့၏သား၊ ဒေါ်ခင်ရီ (ကထိက-ငြိမ်း၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးအောင်သိန်း (ဌာနမှူး -ငြိမ်း၊ မော်တော်ယာဉ်ဌာန၊ နတ်မောက် စက်မှုလက်မှုကျောင်း)၊ ဒေါ်မြင့်မြင့်နွယ် (အေးလိုက်ပရိဘောဂလုပ်ငန်း)တို့၏မောင်၊ ဒေါ်စန်းစန်းမြင့်၊ ဦးစိုးမြင့်-ဒေါ်တင်မိုးခိုင်တို့၏အစ်ကို၊ ကိုမြင့်ဦး၊ ကိုဝင်းလွင်သိန်းတို့၏ဦးလေး၊ ကိုစိုးမြင့်ဝင်း၊ မကြည်ပြာလှိုင်-ကိုချစ်ကိုကိုတို့၏ဖခင် ဦးစိုးဝင်းသည် ၁၃-၇-၂၀၀၄ရက် နံနက်တွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ရေဝေးမွတ်စလင်ဥယျာဉ်တော်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများ သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

ဦးကျော်သန်း
အသက်(၈၂)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပင်မ ငပိ ငံပြာရည်စက်ရုံဝင်းနေ ရာသက်ပန်အသင်းဝင် ဦးကျော်သန်းသည် ၁၅-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇-၅-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်းအသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ပုလောမြို့နယ်အသင်း(ရန်ကုန်)

မအေးမီမြတ်သူ
အသက်(၂၈)နှစ်

မရမ်းကုန်းမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အောင်မင်္ဂလာလမ်းသွယ်၊ ခြံအမှတ်(၇/က)နေ ဦးဝင်းဟုန်-ဒေါ်ရီရီမေ အသင်းဝင်အမှတ်(၅၅)တို့၏သမီး မအေးမီမြတ်သူသည် ၁၆-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈-၇-၂၀၀၄ ရက် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်မြင့်ရီ(ခ)မစွက်
အသက်(၆၉)နှစ်
ဆားမလောက်၊ ညောင်တုန်းမြို့နယ်

ရန်ကုန်မြို့၊ ဘိုတထောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၄၇) မြေညီထပ်နေ (ဦးချစ်လှ-ဒေါ်ထွေး)တို့၏ သမီး၊ ဦးစိန်လှိုင်(ခ)ဦးတင်ကား၏ဇနီး၊ ဦးမောင်မောင်မြင့်-ဒေါ်ကျင်ကျင်သန်း၊ ဦးကျော်သန်း-ဒေါက်တာဒေါ်ခင်ကြည်၊ ဦးခင်မောင်အေး-ဒေါက်တာဒေါ်လွင်မာဦး၊ ဒေါ်နီနီဝင်း၊ ဦးမောင်မောင်-ဒေါ်ဝါဝါရွှေ၊ ဦးတင်မောင်ထွေး-ဒေါ်ချိုအေးမိ၊ ဦးမင်းသူ-ဒေါ်ဝါဝါဝင်း၊ ဦးယဉ်ထွေး-ဒေါ်ခင်မျိုးဦးတို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏ အဘွားသည် ၁၇-၇-၂၀၀၄ (စနေနေ့) နံနက် ၆း၃၅ နာရီတွင် ဗဟိုစည် ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၀၄(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခွေးရောင်းရန်

Old English Mastiff အဖြစ် လူသိများသော ခွေးကြီးမျိုး Mastiff (Import)အထီး၊ အမမှပေါက်သော (၂)လခွဲသားပေါက်လေးများနှင့် (၆)လသား Rottweiler နှစ်ကောင်ရောင်းရန်ရှိသည်။

အမှတ်-၁၁၉၆၊ ခ/၁လမ်း၊ မြို့သစ်၊ အင်းစိန်။

ဘုရား၊ ကျောင်း၊ ကန်၊ သိမ် ရဟန်းအမကြီး

ဒေါ်စန်းကြည်(၉၃)နှစ်

(ကျိုက်ထို)

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နေ (ဦးဖိုးသင်–ဒေါ်ပြုံးချို)တို့၏သမီးကြီး၊ ဦးတင်ငွေ–ဒေါ်ခင်ကြည်၊ ဦးထွန်းကြည်–ဒေါ်ပု၊ ဦးထွန်းညွန့်–ဒေါ်သောင်းကြည်တို့၏အစ်မကြီး၊ ဦးထွန်းသောင်–ဒေါ်တင်ရီ၊ ဦးမြလွင်–ဒေါ်ခင်အေး(ကျိုက်ထိုရာသက်ပန်အသင်းဝင်)၊ ဦးမြင့်ကြည်–(ဒေါ်ညွန့်ရီ)၊ အင်းစိန်မြို့၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၁)လမ်း၊အမှတ်(၆၅၇)နေ ဦးကြည်စိန်–ဒေါ်ယဉ်ကြည်(ခ)ဒေါ်ညို(ရွှေမြန်မာကဖီး)၊ ဦးတင်ဦး–ဒေါ်မြင့်မြင့်ရွှေ၊ (ဦးဝင်းစိုး)–ဒေါ်ခင်အုံးတို့၏ မွေးသမိခင်၊ မြေး၁၉ယောက်၊ မြစ်၁၈ယောက်တို့၏အဘွား၊ (ဦးဉာဏ်ရင်)၏ဇနီးသည် ၁၇–၇–၂၀၀၄(စနေနေ့)မွန်းလွဲ၁း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုး (၇၈)နှစ်

မှတ်တမ်းရေးချုပ်

ပြည်သူ့လွှတ်တော်ရုံး(ငြိမ်း)

ဗဟိုစစ်မှုထမ်းဟောင်းရုံးချုပ်(ငြိမ်း)

ရန်ကုန်တိုင်း၊ ပျော်ဘွယ်မြို့နယ် (ဦးငွေဆင့်–ဒေါ်စိန်)တို့၏သား၊ (ဦးသိန်း–ဒေါ်အုံးကြင်)တို့၏သားသမက်၊(ဦးတိုး)၏ညီ၊ ဒေါ်အေးအေး(ခ)မလေး (အဝေးသင်တက္ကသိုလ်၊ကျောင်းသားရေးရာဌာန၊ရန်ကုန်)၊ ဒေါ်စမ်းစမ်း(ပြည်သူ့လွှတ်တော်ရုံး)၊ (ဦးခင်မောင်သွင်)–ဒေါ်မြင့်မြင့်ရီ(ကလေးဆေးရုံကြီး)၊ (ဦးခင်မောင်ဦး)–ဒေါ်နီးနီးတို့၏မွေးသဖခင်၊မောင်နိုင်ဦး(ကွန်ပျူတာတက္ကသိုလ်)၊မအိဖြူသဲ(တနှစ်၊အင်္ဂလိပ်စာ၊အဝေးသင်)၊ မခင်သန့်စင်(ပထမနှစ်၊ GTC)၊ မသဲချစ်စု(အထက–၂၊စမ်းချောင်း)၊ မနန်းသီရိသွင်(အထက–၂၊စမ်းချောင်း)တို့၏ဘိုးဘိုးကြီး၊အမှတ်(၉)၊ လက်ပန်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဒေါ်ခင်သန်း)၏ ခင်ပွန်းသည်အထက်ပါနေအိမ်၌ ၁၈–၇–၂၀၀၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၇–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ်–၉၊လက်ပန်လမ်း၊စမ်းချောင်းမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြဟန် (၇၆)နှစ်

(ကဒပွန)

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ ကဒပွနနေ(ဦးဘသော်–ဒေါ်သန်း)တို့၏သား၊ သုံးခွမြို့နယ်၊ မင်းရွာနေ(ဦးအေး–ဒေါ်အေးကြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၃၆)၊ အနော်မာလမ်း(၂၀)အရှေ့၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်လှတင်၏ခင်ပွန်း၊ ဦးမြင့်သောင်း(M.O.G.E)–ဒေါ်ညွန့်ညွန့်သန်း၊ ဦးလှသောင်း(မြို့တော်စည်ပင်၊ လမ်း/တံတား)၊ ဒေါ်စုစုရီ(အမက–၂၁၊သာကေတ)၊ ဦးကျင်သန်း(မြို့တော်စည်ပင်–ဈေးများဌာန)–ဒေါ်သန်းသန်းရီ (မြို့တော်စည်ပင်၊ ဘတ်ဂျက်)တို့၏ ဖခင်၊ မောင်ဝင်းမိုးဟိန်း၊ မောင်ဇော်လွန်းနောင်တို့၏အဘိုးသည် ၁၈–၇–၂၀၀၄ရက် နံနက် ၄း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀–၇–၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လှသန်း(ရေးမြို့)

အသက်(၆၇)နှစ်

ဒု–အထွေထွေမန်နေဂျာ(ငြိမ်း)

မြန်မာ့သစ်လုပ်ငန်း

ရေးမြို့နေ(ဦးဘသန်း–ဒေါ်တင်မေ)တို့၏သားကြီး၊(ဦးတင်ဖေ)–ဒေါ်ရွှေရှင်၊ ဦးအုပ်စိုး–ဒေါ်စိန်ရွှေ၊ ဦးသန်းစိုး–ဒေါ်ညိုညို၊ ဦးဟိန်အောင်–ဒေါ်ခင်ဆွေဝင်း၊ (ဦးအောင်ခိုင်)– ဒေါ်မြင့်မြင့်အေး၊ ဦးသောင်းထိုက်–ဒေါ်မြင့်မြင့်ရီတို့၏အစ်ကိုကြီး။ ဦးဇေထွဋ်တင်–ဒေါ်နှစ်ဆန်းဦး၊ ဦးနေထွဋ်တင်–ဒေါ်နှင်းနှင်းယု၊ ဦးကျော်ထွဋ်တင်–ဒေါ်နီနီ၊ ဗိုလ်မှူးဝင်းမော်–ဒေါ်နေနွယ်တင်၊ ဗိုလ်ကြီးသန်းထွန်းဦး–ဒေါ်ကေသွယ်တင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုး၊အမှတ်(၆)(၃၄)ရပ်ကွက်၊တပင်ရွှေထီးလမ်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်ခင်သိန်း(မော်လမြိုင်)၏ချစ်လှစွာသောခင်ပွန်းဦးတင်လှသန်းသည် ၁၈–၇–၂၀၀၄ (တနင်္ဂနွေနေ့)ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၇–၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်တောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်စိန်နု(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ အမှတ်(၅၈)၊လမ်း(၁၂၀)နေ ဦးမောင်သာကျော်၏ဇနီး ဒေါ်စိန်နု(ရာသက်ပန်အသင်းဝင်)သည် ၁၇–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဦးတင်ရွှေ(ခ)ဦးပုလေး

အသက်(၇၂)နှစ်

ဧရာဝတီတိုင်း၊ ပုသိမ်မြို့နေ ဦးထွန်းလှိုင်–ဒေါ်ငွေတင်တို့၏ စတုတ္ထမြောက်သား၊ဦးအုန်းငွေ–ဒေါ်မြကြည်(ရွှေသင်္ကန်းပရိက္ခရာဆိုင်)၊ ဦးခင်ရွှေတို့၏ ညီ၊ ဦးသန်း၏ အစ်ကို၊ ဒေါ်အုန်းမြင့်၏ခင်ပွန်း၊ ဦးမောင်မောင်ကြိုင်–ဒေါ်ခင်စန်းဝင်း(ရွှေမိသားစုသစ်ဆိုင်)၊ ဦးချိုမြင့်–မချိုချိုဝင်း(ရွှေမိသားစုဆောက်လုပ်ရေး)၊ မောင်ကျော်စိန် – မမြတ်မြတ်စန်း၊ မောင်အောင်အောင်(ရွှေမိသားစုသစ်ခွဲစက်)တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးတင်ရွှေ(ခ)ဦးပုလေးသည် ၁၈–၇–၂၀၀၄ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍၂၀–၇–၂၀၀၄ (အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်၅/၈၀၂၊ မင်းရဲကျော်စွာလမ်း၊ ရွှေမိသားစုသစ်ခွဲစက်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်ကြင်အေး(၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၂၅)၊ ပေ(၅၀)လမ်းနေ ဦးဘိုကေ၏ဇနီး၊ ဒေါ်ခင်မြင့်၏ အစ်မ၊ ဦးထွန်းအေး (အထက–ရေတာရှည်)၊ ဒေါ်ခင်စိုးမင်း(ကျောင်းအုပ်ဆရာမကြီး၊ အထက၊ ဆွာမြို့)၊ ဒုတိယဗိုလ်မှူးကြီးမောင်ဝင်း–ဒေါ်နန့်သန်းမြင့်၊ ဦးစိုးသန်း–ဒေါ်အေးသန်းနွယ်၊ ဦးစိုးအောင်–ဒေါ်ခင်ခင်လေး၊ ဦးမင်းဦး–ဒေါ်တင်တင်မြင့်၊ ဦးထွန်းမြင့်–ဒေါ်အေးအေးသိန်းတို့၏မိခင်၊ ဦးသန်းလှိုင်ဦး၊ ဒေါ်အေးအေးသန့်(အထက–၁၊ မရမ်းကုန်း)၊ ဦးတင်ထွန်းဦး–ဒေါ်မြူးရီရယ်၊ မလှလှသန့်–မောင်တင့်လွင်ဦး၊ မောင်ဘိုဘိုထွေးတို့၏အဒေါ်၊ မြေး၁၉ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၈–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၀–၇–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ကျော်မိုး(၃၂)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အမှတ်၁၂၃)၊ (၁၈)ရပ်ကွက်၊ စည်ပင်လမ်းနေ (ဦးညိုအိ)–ဒေါ်ရွှေတို့၏သား၊ ကိုမြတ်မိုး–မသန်းသန်းလွင်၊ ကိုဗိုလ်ကြီး–မခင်မိုးတို့၏ ညီ/မောင်၊ ကိုသန်းနိုင်–မလှလှမိုးတို့၏ အစ်ကိုသည် ၁၇–၇–၂၀၀၄ရက် ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၇–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဖိုးလှိုင် (၈၄)နှစ်

(ဘီလူးကျွန်း)

မော်လမြိုင်မြို့၊ဘီလူးကျွန်း၊ ကော့ဒွတ်ကျေးရွာနေ (ဒေါ်ပုလဲညွန့်)၏ခင်ပွန်း၊ ဒေါ်တင်လှ၊ ဒေါ်ခင်ရွှေ၊ ဦးငွေဝင်း(ခ)ဦးနော်(ကားဘော်ဒီ)တို့၏ ဖခင်သည် ၁၈–၇–၂၀၀၄(တနင်္ဂနွေနေ့)တွင်ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၃၂၇)၊ လှော်ကားလမ်း၊ (၁၉)ရပ်ကွက် နေအိမ်၌ ကွယ်လွန်ပါ၍ ၂၀–၇–၂၀၀၄ (အင်္ဂါနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမကြီး

ဒေါ်အမာ(၇၈)နှစ်

ဂုဏ်ပိုးထည်တိုက်

ရန်ကုန်မြို့၊ အမှတ်၁/၃၊ (က) ရွှေတောင်ကြားရိပ်သာ၊ ဗဟန်းမြို့နယ်နေ (ဦးလှကြည်–ဒေါ်နှင်းညွန့်)တို့၏ သမီး၊ ဦးဘုန်းမြင်(လ/ထညွှန်မှူး၊ငြိမ်း၊ ရှေ့နေချုပ်ရုံး)၏ဇနီး၊ (ဦးညွန့်မောင်–ဒေါ်ကြည်ကြည်)၊ ဦးကျော်ညွန့်–ဒေါ်တင်ညွန့်၊ (ဦးအေးကျော်)–ဒေါ်သန်းကြည် တို့၏ ညီမ၊ ဦးညွန့်အောင် – (ဒေါ်မြင့်မြင့်)၊ ဒေါ်တင်ကြည်၊ ဦးမောင်မောင်–(ဒေါ်ဖူဂျီကိုကြည်)တို့၏အစ်မ၊ ဒေါက်တာမင်းဘုန်းမြင့်–မဥမ္မာဝင်း၊ မရတနာဘုန်းမြင့်၊ ကိုဘုန်းမင်းထွဋ်(ခန့်ထူးဖိနပ်လုပ်ငန်း)–မတင်ရီရီဦး(ပိုးပိုး)တို့၏မိခင်၊ မတင်ဇာမင်းမင်း(ဇူးဇူး)၊ မဆင်းစံဝတီ(ပူးပူး)တို့၏အဘွားသည်၁၂–၇–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆–၇–၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်ကြည် (၇၃)နှစ်

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ်(၅၆)နေ ဦးကျော်လှ၏ ဇနီး၊ ဦးစံသိန်း–(ဒေါ်ထားကြည်)၊ ဦးဘလှ–ဒေါ်သန်းရီ၊ ဒေါ်ခင်စန်းမြင့်၊ ဦးရွှေဝင်း–ဒေါ်ဝင်းကြည်၊ ဦးမြင့်ဦး–ဒေါ်မြင့်မြင့်သန်းတို့၏ အစ်မ၊ ဒေါ်သင်းသင်းလှိုင်(အထက–၂၊ သန်လျင်)၊ ကပ္ပတိန် ဦးကျော်ညွန့်လွင်–ဒေါ်ခင်ဝင်းဝင်းမော်၊ ဒေါ်ဝေဝေမြင့် (ကြေး/မြေ–ရုံးချုပ်) ဦးကျော်ရွှေလွင် (C/offr)တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၁၇–၇–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

U Pa Sa Lian Kap

အသက်(၅၇)နှစ်

ဖလမ်းမြို့၊ ဖာရံထောက်ရပ်ကွက်နေ (Pu Sang Luai-Pi Khuakil)တို့၏ ဒုတိယသား၊ Pi Kaphnuni၏ ချစ်လှစွာသော ခင်ပွန်း၊ Pu Vanlalawia (B.A)-Pi V.L Hmangaihzuali၊ Ni Za Aithluai (B.A) သူနာပြု ဆရာမ ကလေးဆေးရုံကြီး ရန်ကုန်မြို့၊ Ni Lalzamliani (B.Sc)၊ Tv V.L Nghaka (B.A)တို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ရန်ကုန်မြို့ ကြည့်မြင်တိုင် အရိုးကုဆေးရုံကြီးတွင် ၁၈–၇–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၉–၇–၂၀၀၄(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်သင်္ချိုင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (အမှတ်–၅၈၊ ဒေါ်သိန်းတင်လမ်း၊ လမ်း–၉၀ထိပ်၊ ကန်တော်ကလေး နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုရဲအုပ် စိန်လင်း (၃၈)နှစ်

အပတ်စဉ် ၁၉/၉၃

ပျဉ်းမနားမြို့နယ်၊ လမ်းပျဉ်းမနား ကျေးရွာနေ ဦးလှအောင်–ဒေါ်သန်းစိန်တို့၏သား၊ ရမည်းသင်းမြို့နေ (ဦးရာမြိုင်)–ဒေါ်မယ်တင့်တို့၏ သားသမက်၊ ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ် ရဲတပ်ဖွဲ့စခန်းနေ ဒေါ်ခင်မာဆွေ၏ ခင်ပွန်း၊ မောင်ဇာနည်အောင်(နဝမတန်း–A)၊ မောင်အောင်ချမ်းမင်း(ပထမတန်း–A၊ အထက၊ ပန်းတနော်)တို့၏ ချစ်လှစွာသောဖခင် ဒုရဲအုပ်စိန်လင်းသည် ၂၅–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇–၆–၂၀၀၄ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ကြင်အေး(၈၆)နှစ်

(တွံတေး)

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်(၂၆၅)၊ အခန်း(၁၇)နေ (ဦးဘိုးဝါ–ဒေါ်သဲညွန့်)တို့၏ သမီး၊ (ဦးဖွမ်းရှိန်၊ ဆိပ်ကမ်းကုန်ဝန်ထောက်၊ ငြိမ်း)၏ဇနီး၊ ဦးကြင်ရှိန်(ဆလရ ဝန်ကြီးရုံး–ငြိမ်း)–ဒေါ်မြင့်မြင့်သန်း(စိုက်/မွေး)၊ ဦးတင်ဝင်း–ဒေါ်ဝင်းဝင်းအုန်း၊ ဦးနေဝင်းကြည် (လွယ်ဟိန်း)–ဒေါ်လှမြင့် (စက်မှုဆေးဝါး၊ငြိမ်း)၊ ဒေါ်ခင်အေးမြင့်(အထက–၁၊ဒဂုံ)၊ ဒေါ်တင်တင်လှ၊ ဦးစိန်ဝင်းမြင့်(မြန်မာ့ရေနံ) ဦးသိန်းရွှေ(စစစ၊ မန္တလေးတိုင်း)–ဒေါ်စမ်းစမ်းမြင့်၊ ဦးတင်မောင်ထွေးတို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၅–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

လီကွေ့ရင်း(ခ)ဒေါ်အမွေး

အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁)၊ သရဖီလမ်းနှင့်အမှတ်(၈)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်နေ(လီခိုင်းထုံး–ဒေါ်မြပွင့်)တို့၏သမီးကြီး၊(တန်နန်ချောင်း–လူချူးလန်)တို့၏သမီးချွေးမ၊ [တန်ကြုံဖီး(ခ)ဦးကျော်ဝင်း]၏ချစ်လှစွာသောဇနီး၊ ချူစေ့လျှောင်း–Dr.တင်မေလှ၊ မောင်ဝင်းလှိုင်၊ မယဉ်ယဉ်လှ၊ မပုလဲမေတို့၏ကျေးဇူးရှင်မိခင် လီကွေ့ရင်း(ခ)ဒေါ်အမွေးသည် ၁၆–၇–၂၀၀၄(သောကြာနေ့)တွင် အာရုတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၀–၇–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ်–၈၊အာသာဝတီလမ်း၊အလုံမြို့နယ်နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးညိုမောင်(၇၄)နှစ်

မိဘမေတ္တာသစ်ခွဲစက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စက်မှုဇုန်(၈)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၁၁၅)နေ (ဦးပန်းသာ–ဒေါ်ပု)တို့၏ သား၊ (ဦးအေးမောင်–ဒေါ်ထွေး)တို့၏ သားသမက်၊ ဒေါ်ခင်ရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးထွန်းဝေ–ဒေါ်တင်ဥ)၊ ဦးအေးမောင်–ဒေါ်ယဉ်နု၊ (ဦးလှမိုး)–ဒေါ်တင်သန်းတို့၏ ညီ/မောင်၊ ဦးဖုန်းကျော်–ဒေါ်ဝင်းဝင်းနွဲ့၊ ဦးကျော်မြင့်–ဒေါ်ကြည်ကြည်စိန်၊ ဒေါ်အုန်းကြည်၊ ဦးသိန်းအောင် – ဒေါ်သွယ်သွယ်သန်း၊ ဦးသန်းထွန်း–ဒေါ်ပပဆန်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးစိုးသန်း–ဒေါ်စန္ဒာမြင့်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး၁၁ယောက်တို့၏အဘိုး ဦးညိုမောင်သည် ၁၈–၇–၂၀၀၄ရက်တွင် သဃ်န်းကျွန်းစံပြ ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀–၇–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးစန်းအောင်(၆၇)နှစ်

ရန်ကုန်မြို့၊(၂)ရပ်ကွက်၊ဗိုလ်တထောင်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၁၁)နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ ဒေါ်စန်းစန်းဦး(MFTB)၊ ဦးမောင်မောင်သင်–ဒေါ်စန်းစန်းသူ၊ မခင်ဖြူအောင်(ဒုနှစ်၊ သချာ်)၊ ကိုနေလင်း–မခင်စန်းမော်၊ ကိုဝင်းအောင်–မခင်စန်းဝေ၊ မသီတာ (KMT. Co. Ltd)တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၇–၇–၂၀၀၄ရက် ညနေ ၃ နာရီတွင် ကွယ်လွန်ပါ၍ ၂၁–၇–၂၀၀၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မသီတာကျော် အသက်(၃၀)

တတိယနှစ်၊ စီးပွားရေး

အဝေးသင်တက္ကသိုလ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ်(၁၁)နေ ဦးကျော်ခင်(တိုင်းငွေစာရင်းအရာရှိ၊ အငြိမ်းစား၊ ပြည်သူ့ဆောက်လုပ်ရေး)–(ဒေါ်ခင်လေးငယ်)တို့၏သမီးကြီး၊ မောင်အောင်လင်းထွန်း၊ မသီဂီကျော်တို့၏ အစ်မကြီး မသီတာကျော်သည် ၁၇–၇–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအောင်စိုးဦး(၁၅)နှစ်

နဝမတန်း(၈)

အထက၊ ကျောက်တံတား

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ အမှတ်(၂) သီရိမင်္ဂလာလမ်း၊ ပ–ထပ်နေ ဦးဝေါင်ဆွေ့ရင်(အယိမ်း)–ဒေါ်နန်းခင်လေးရီ (ဒေါ်ခါးခါး)တို့၏ သား၊ နန်းအေးသီခိုင်(ဖိန်ဖိန်)၊ နန်းထက်ထက်ခိုင်တို့၏ မောင်၊ နန်းအေးမိထွေး၏အစ်ကို အောင်စိုးဦးသည် ၁၇–၇–၂၀၀၄ရက်တွင်ရုတ်တရက်ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၄(တနင်္လာနေ့) နံနက်၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးသောင်းစိန်(ခ)ဦးမောင်ပို

အသက်(၇၄)နှစ်

(ဒလ)

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေမြို့သစ်၊ မဥ္ဇူလမ်း၊ အမှတ်(၄)နေ ဒေါ်ညိမ်းတင်၏ခင်ပွန်း၊ ဦးအေးသန်း–ဒေါ်တင်ဝင်း၊ (ဦးဆန်းမြင့်)–ဒေါ်ခင်ဝင်း၊ ကိုသိန်းရွှင်–မမြင့်မြင့်သန်း၊ ကိုမြင့်လွင်–မသန်းသန်းရွှေ၊ ကိုမျိုးမြင့်–မအေးစန္ဒာ၊ (ကိုသိန်းမြင့်)–မမော်မော်တို့၏ဖခင်၊ မြေး၁၅ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၇–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် အထက်ပါနေအိမ်မှ အုံကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်ခင်မြိုင်(ခ)ဒေါ်ဒေါ်ပုံ

အသက်(၆၀)

သန်လျင်မြို့နေ (ဆေးဆရာကြီး ဦးဘခင်–ဒေါ်စိန်ချစ်)တို့၏ သမီး၊ (ဦးညို–ဒေါ်အုံးပွင့်)တို့၏ သမီးချွေးမ၊ ဒေါ်တင်နု၊ဦးထွန်း–ဒေါ်ခင်အေး၊ ဦးသိန်းဟန်–ဒေါ်အယ်မာ၊ ဒေါ်ခင်ပု၊ ဒေါ်မြကျင်တို့၏ညီမ၊ ဒေါ်ပုံမြို့နေ ဦးတင်–ဒေါ်စန်းကြည်တို့၏ အစ်မ၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခမ္မာရုံလမ်း၊ အမှတ်(၆၄၄)နေ ကိုမျိုးဆွေ–မစန်းစန်း၊ လှည်းကူးမြို့နေ ကိုမျိုးနိုင်–မသန်းသန်းအေး၊ ကိုထွေးသိန်း–မဇင်မာစိုး၊ မသက်သက်လွင်၊ မခိုင်ခိုင်၊ မောင်ဝင်းဗိုလ်ဗိုလ်တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ဦးစံသိန်း(ပြည်တော်သိန်းတွင်ခုံ)၏ဇနီးသည် ၁၇–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအောင်ဇော်ဦး

အသက်(၄၃)နှစ်

သံပန်းသံတံခါး

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ပေါက်တပင်ကျေးရွာနေ(ဦးထွေးမောင်–ဒေါ်အုံးစိန်)၊ (ဦးရွှေထုံး–ဒေါ်ကြွေ)တို့၏ မြေး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂၇)နေ ဦးလှသိန်း–(ဒေါ်သိန်းမြင့်) သံပန်းသံတံခါးလုပ်ငန်းတို့၏ သားကြီး၊ ညောင်လေးပင်မြို့နေ (ဦးအောင်ကြည်ညွန့်)–ဒေါ်ဝင်းစိန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်နေ ဦးကြည်ညွန့်–ဒေါ်သိန်းဝင်း၊ (ဦးအောင်မြ)၊ ဒိုက်ဦးမြို့နေ (ဦးသန်းမောင်) – ဒေါ်အေးမျှင်၊ ဖောင်တော်သီမြို့နေ (ဦးအောင်ထွန်း–ဒေါ်လှသူ)တို့၏ တူ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊(၇၁)ရပ်ကွက်၊ဗိုလ်မင်းရောင်(၆)လမ်းနေ မချို၏ ခင်ပွန်း၊ မဆန်းသီဂီနွယ်၊မောင်သီဟအောင်၊ မဆုမွန်ဇော်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုအောင်နေမျိုး၊ မမြင့်မြင့်စန်း၊ ကိုစိုးနိုင်–မသက်သက်မာ(ယဉ်ကျေးမှုတက္ကသိုလ်၊ စာကြည့်တိုက်)၊ ကိုဇော်မိုးအောင်၊ ကိုလှမျိုးအောင်–မသူဇာလွင်၊ ကိုရွှေးလှိုင်၊ မနီလာသိန်းတို့၏ အစ်ကိုကြီး၊ တူ၊ တူမရှစ်ယောက်တို့၏ ဘကြီး ကိုအောင်ဇော်ဦးသည် ၁၇–၇–၂၀၀၄ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ ပဏ္ဍိတ

သိက္ခာတော်(၃၉)ဝါ၊ သက်တော်(၅၉)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ လက်ပန်တန်းကျေးရွာနေ ဦးလှ–ဒေါ်လှတို့၏သား၊ လက်ပန်တန်းကျေးရွာ၊ လက်ပန်တန်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတသည် (၁၃၆၆ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ရက်)၁၃–၇–၂၀၀၄(အင်္ဂါနေ့) ည ၉း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း၁၁ရက်)၂၇–၇–၂၀၀၄(အင်္ဂါနေ့)တွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို လက်ပန်တန်းကျေးရွာသုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမများအပေါင်းတို့အား အကြောင်းကြားပါသည်။။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ။

ဒေါ်ခင်စိန်(၈၄)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၅၆)နေ (ဦးကျော်စိန်)၏ဇနီး၊ (ဦးမင်းအောင်)–ဒေါ်မြင့်မြင့်နွယ်၊ ဦးအောင်ချို(တရားရုံးချုပ်ရှေ့နေ) – ဒေါ်ရွှေရီ (အမက–၁၈၊ သာကေတ)၊ (ဦးလှိုင်မြင့်)၊ ဦးခင်မောင်ညို–ဒေါ်အေးအေးဦး (အမက–၁၀၊ ကြည့်မြင်တိုင်)၊ ဦးစိုးလှိုင်–ဒေါ်သင်းသင်းဇင် (အထက–၂၊ စမ်းချောင်း)၊ ဦးဉာဏ်ဝင်း(PPE) – ဒေါ်ခင်စမ်းမြင့် (PPE)ရုံးချုပ်တို့၏ မိခင်ကြီး၊ မြေး၁၀ယောက်တို့၏ အဘွားသည် ၁၈–၇–၂၀၀၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါ၍၂၀–၇–၂၀၀၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသောင်းရွှေ(၆၉)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

စာရင်းစစ်ချုပ်ရုံး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၃၁)လမ်း၊ အမှတ်(၃၄၃)နေ (ဦးဘဆိုင်–ဒေါ်ကြွေ)၊ ဒေါ်လှဘီတို့၏သား၊ (ဒုတိယဗိုလ်မှူးကြီးတင်မြင့်)–ဒေါ်ရင်မေတို့၏တူ၊ (ဦးသန်းရင်–ဒေါ်မြသီ)တို့၏ သားသမက်၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ မချိုမာရွှေ၊ (ကိုကျော်ဝင်းရွှေ)၊ ကိုနေမျိုးထွန်း–မနှင်းနှင်းရွှေ (လဝက)၊မတင်မိုးရွှေ(တက်နေ ကုမ္ပဏီ) တို့၏ဖခင်သည်၁၈–၇–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါ၍ ၂၀–၇–၂၀၀၄ (အင်္ဂါနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသောင်းရွှေ (၆၉)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

စာရင်းစစ်ချုပ်ရုံး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၃၁)လမ်း၊ အမှတ်(၃၄၃)နေ (ဦးဘဆိုင်–ဒေါ်ကြွေ)၊ ဒေါ်လှဘီတို့၏သား၊ (ဒုတိယဗိုလ်မှူးကြီးတင်မြင့်)–ဒေါ်ရင်မေတို့၏တူ၊ (ဦးသန်းရင်–ဒေါ်မြသီ)တို့၏ သားသမက်၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးသန်းရွှေ–ဒေါ်ခင်မျိုးတင့်၊(ဦးသိန်းရွှေ)–ဒေါ်ခင်မြင့်စန်းတို့၏ ညီ၊ (ဗိုလ်မှူးမြတ်ရွှေ)–ဒေါ်နုနုရီ၊ ဦးတင်ရွှေ–(ဒေါ်သန်းသန်းဆင့်)၊ဦးမောင်ရွှေ–ဒေါ်ခင်ခင်ရွှေ၊ ဦးမြင့်ဝင်း–ဒေါ်ရင်ရင်ရွှေ၊ဗိုလ်မှူးဝင်းရွှေ–ဒေါ်လီလီစိုး၊ ဦးနေဝင်း–ဒေါ်မာမာသိန်း၊ ဒေါ်မြင့်မြင့်စိုး၊ ဒေါက်တာမြင့်မြင့်ငြိမ်း(ဆေးတက္ကသိုလ်–၂)၊ ဦးကြည်ရွှေ–ဒေါ်ခင်သန်းတင့်တို့၏ အစ်ကိုသည်၁၈–၇–၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်ပါ၍ ၂၀–၇–၂၀၀၄(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဒေါ်ထွေးညွန့်(၆၉)နှစ်

(မြိတ်)

မြိတ်မြို့၊ ထားဝယ်စုရပ်၊ Bလမ်းနှင့် မြိတ်မြို့၊ တောရပ်ကျောင်းရပ်နေ ဦးယုလွင်၏ဇနီး၊ ဦးအော်စိန်–ဒေါ်မိမိလွင်၊ ဒေါ်စီစီလွင်၊ ဦးဝင်းနိုင်–ဒေါ်စိုးစိုးခိုင်၊ ဦးကျော်နိုင်၊ ဦးအောင်မွန်–ဒေါ်လီလီမြင့်၊ ဦးစန်းကိုကိုတို့၏မိခင်၊ မောင်ဇော်ဦးလွင် (မြိတ်တက္ကသိုလ်)၊ မောင်အောင်ကျော်မိုး (မြိတ်တက္ကသိုလ်)၊ မောင်မျိုးကျော်ဟန် (မြိတ်တက္ကသိုလ်)၊ မောင်ဖြိုးကျော်ဟန် (VII A. T.T.C)၊ မချောစုမွန်(IV-T.T.C)၊ မနှင်းယုယအောင်(IIB T.T.C)၊ မအိမွန်ကို(အမက၊ မြစ်ငယ်)၊ မငုဝါပွင့်၊ မောင်ခန့်ထူးဇော်တို့၏ အဘွားသည် ၁၈–၇–၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၂၀–၇–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် တောရပ်ကျောင်းနေအိမ်မှ ကလွင်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်နု(၈၁)နှစ်

(မောင်တော)

မောင်တောမြို့နေ (ဦးဘဦး–ဒေါ်မနု)တို့၏ သမီးထွေး၊ (ဦးအောင်ကြီး–ဒေါ်မြသန်း)၊ (ဦးစံရွှေဘော်–ဒေါ်မစိန်)၊ (ဦးဦးစောထွန်း)–ဒေါ်အေးခင်၊ ဦးရွှေသာအောင်–ဒေါ်အုန်းခင်၊ (ဦးမောင်မောင်လှ–ဒေါ်ခင်စောဝင်း)တို့၏ညီမ/အစ်မ၊ ရန်ကုန်မြို့ ၊ အမှတ်(၅၈)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်နေ ဦးသာကျော်၏ဇနီး ဦးထွန်းဝေ–ဒေါ်ရိုစ့်မာရီအေး၊ ဦးကျော်ဝင်း(3/EP.I.L)–ဒေါ်သိန်းသိန်းစု၊ ဦးသာဇံ (2/E.P.I.L)–ဒေါ်လှရွှေ (ကထိက၊ရက္ခဗေဒဌာန၊တပ်မတော်ဆေးတက္ကသိုလ်)၊ မတင်ရွှေ(ခ)ယုစံတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မမြတ်ပွင့်သူ၊ မလှသီတာဇံ၊ မအေးချမ်းခိုင်တို့၏ အဘောင်ရှင်သည် ၁၇–၇–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးအုံးမောင် (၆၁)နှစ်

အုပ်ချုပ်ရေးမှူး

အလုပ်သမားဆေးရုံ(ငြိမ်း)

(စမ်းချောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၀)၊ ကျွန်းတောလမ်းနေ (ဦးမောင်ကို–ဒေါ်ကြီးကြီး)တို့၏ သား၊ ဒေါ်ခင်စောရီ(အထက–၃၊အထက–၁၊ စမ်းချောင်း၊ငြိမ်း)၏ ခင်ပွန်း၊ မသီရိမွန် B.Sc(Bot) (Sweety Home Co.,Ltd)၊ မနန္ဒာလင်း B.Sc(Zoo) Nivea Co., Ltd တို့၏ ဖခင်၊ ဒေါက်တာမြင့်သိန်း–(ဒေါ်အေးမေ)တို့၏ ညီ/မောင်၊ ဒေါက်တာကျော်စိန်–ဒေါ်ဝင်းရွှေ၊ ဒေါ်လှဝိုင်းတို့၏အစ်ကိုဦးအုံးမောင်သည် ၁၈–၇–၂၀၀၄(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၇–၂၀၀၄ (အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘသန်းတင်

အသက်(၄၁)နှစ်

အထက(၆) အလုံ

ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ ဧရာဝတီလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်နေ (ဒေါ်စန်းမြင့်)၏ တူ၊ (ဦးတင်မောင်ကြည်–ဒေါ်ကြည်ရွှေ)တို့၏ဒုတိယသား၊ ရန်ကုန်မြို့၊စက်ဘီးစက်ရုံဝင်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးအေးသိန်း–(ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဒေါ်လွင်မင်းကြည်(ခ)တူးမာ၏ခင်ပွန်း၊ ဦးခင်မောင်တင်၏ ညီ၊ ဒေါ်မေသက်တင်(MEPE)အလုံ၊ ဦးမင်းစိုး–မချိုနွယ်တင်၊ ဒေါ်ဥမ္မာတင် (ဆသရ)၏ အစ်ကိုလေး၊ မချစ်စုဟိန်း(အထက–၆၊အလုံ၊VIII-B)၊ မဖူးပွင့်ကြည် (အထက–၆၊အလုံ၊KG-A)တို့၏ ဖခင်၊ မမြမျိုးမြင့်နွယ်(အထက–၆၊အလုံ)၊ မသီရိရုံခြယ်တို့၏ ဘဘလေးသည် ၁၈–၇–၂၀၀၄ရက်တွင်အာရုတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀–၇–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာ–တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ များစွာကျေနပ်အားရ မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို နိုင်ငံတကာနယ်ပယ်တွင် ကျင့်သုံးရပ်တည်ပေးရန်ကတိပြု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရာတွင် မြန်မာနိုင်ငံကို အလေးထားမည် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးအတွက် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ဇူလိုင် ၁၂ရက် ညနေ ၅နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ ကျင်းပသည်။

ကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် ပေကျင်းမြို့ရှိ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ ပြည်သူ့ခန်းမဆောင်ကြီးသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ရင်ပြင်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က လှိုက်လှဲခင်မင်စွာ ကြိုဆိုသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား မြန်မာချစ်ကြည်ရေး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော် ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားတွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)